မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၃၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုခဲ့ပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်း တည်ဆောက်ခြင်းနှင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းတို့ကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ငါးသိုင်းချောင်း-ဂွ-သံတွဲ-တောင်ကုတ်လမ်းပိုင်း ကြည့်ရှုကျွန္တလီတံတားကြံ့ခိုင်မှုနှင့် ရေစီးရေလာအခြေအနေစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ၃ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ် နယ်စပ် မိုင်တိုင်အမှတ် (၂၈/၆)ရှိ ဗေဒါစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ငါးသိုင်းချောင်း-ဂွ-သံတွဲ-တောင်ကုတ် လမ်းပိုင်းများ ပြင်ဆင်ထိန်းသိမ်းမှုနှင့် ဆက်လက်ပြုပြင်သွားမည့် လုပ်ငန်းများကို ရှင်းလင်း တင်ပြကြပြီး တိုင်းမှူးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သတ်မှတ်ချိန်အမီပြီးစီးရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဖွံ့ဖြိုးဝေစည်လာသည့် ဓညဝတီ ရခိုင်ပြည်နယ်

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ထူးခြားသော ဝိသေသမှာ ပြည်ထောင်ဖွား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများ၊ တိုင်းရင်းသားမျိုးနွယ်စုများသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြလျက် ဥမကွဲ သိုက်မပျက် ရှေးပဝေသဏီကပင် စည်းလုံးညီညွတ်စွာ၊ ချစ်ကြည်ရင်းနှီးစွာ အတူတကွ နေထိုင်လာခဲ့သည့် ကောင်းမွန်သော ညီညွတ်ခြင်း အနှစ်သာရများ လွှမ်းခြုံ ဖြစ်တည်လျက်ရှိခြင်းပင် ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ❒

သတင်းဆောင်းပါး - သတင်းထောက် စဥ့်ကူစိုးဝင်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး



ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းလာမှုကြောင့် ဒေသခံ တိုင်းရင်းသားရင်သွေးငယ်များ အိုးမကွာ၊ အိမ်မကွာ အဆင့်မြင့်နည်းပညာရပ်များ သင်ယူနိုင်ကြစေရန် နိုင်ငံတော်က ကြီးမြတ်သောစေတနာဖြင့် တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ပေးခဲ့ရာတွင် ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အတတ်ပညာရှင်၊ အသိပညာရှင်များ ပေါ်ထွက်လာစေရန် သင်ကြားမွေးထုတ်ပေးနေသော ရခိုင်ပြည်နယ်ရှိ နည်းပညာတက္ကသိုလ် (စစ်တွေ)ကို ဤသို့ ဂုဏ်ယူ ဝင့်ကြွားစွာ မြင်တွေ့ရသည်မှာ....
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်)

ပြည်ထောင်စုတစ်ဝန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းလက်တွဲကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်ထူထောင်ရန် လိုအပ်သော အခြေခံအဆောက်အအုံများကို ပြည်ထောင်စုတစ်ဝန်း တည်ဆောက်ပေးလျက်ရှိသည်။ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းရေးသည် အဓိကဖြစ်သည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ စုစည်းညီညွတ်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုအလေးထားပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လျက်ရှိရာ၌ နယ်စပ်ဒေသများလည်း အပါအဝင်ဖြစ်သည်။

တပ်မတော်အစိုးရလက်ထက် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ သီးနှံစိုက်ဧကများအား မြင့်မားတိုးတက်ခဲ့ရာမှာ ၁၉၈၈ ခုနှစ်တွင် ၂၃ ဒသမ ၈ သန်းရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ၅၆ ဒသမ ၉သန်းအထိ တိုးတက်လာခဲ့သည်။ ယနေ့အထိ ဆည်တမံ ၂၂၉ ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ ခု၊ မြေအောက်ရေရရှိရေးအတွက် ရေတွင်းပေါင်း ၇၉၆၂တွင်းသာမက ဆည်ငယ်၊ ကန်ငယ်များကိုပါ ပြုပြင်တည်ဆောက်ပေးခဲ့သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်မှုနိုင်ငံထူထောင်ရေးသည် အရေးပါသောကဏ္ဍဖြစ်ရာ ပုဂ္ဂလိကကဏ္ဍ တိုးတက်လာစေရန် စက်မှုဇုန် ၁၈ ဇုန်ကို ထူထောင်ပေးခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် နိုင်ငံပိုင်စက်ရုံ ၆၂၄ ရုံရှိခဲ့ရာ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ ၃၅၀၀ရှိပြီး ယခုအခါ နိုင်ငံတော်ပိုင်စက်ရုံ ၇၆၈ ရုံ၊ ပုဂ္ဂလိကပိုင်စက်ရုံ ၁၁၈၀၀၀ကျော်အထိ တိုးတက်လာခဲ့သည်။

ပြည်ထောင်စုတစ်ဝန်း အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ကွန်ရက်သဖွယ် သွားလာနိုင်ရန်အတွက် မြစ်ကူးတံတားကြီးများ၊ ရထားလမ်းများ၊ အမြန်လမ်းမကြီးများကို အဆင့်မြှင့်တင် တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိသည်။ ၁၉၈၈ခုနှစ်အထိ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်ကြီးတံတားကြီးငါးစင်းသာရှိခဲ့ရာ ယခုအခါ တံတားကြီး ၁၈ စင်းအထိရှိလာခဲ့ပြီဖြစ်သည်။ ယနေ့အထိ ပေ ၁၈၀ အထက်တံတား ၂၃၃စင်း တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံလိုအပ်ချက်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုတစ်ဝန်း ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများရရှိရန် နိုင်ငံတော်မှ စီမံဖြည့်ဆည်းပေးလျက်ရှိရာ ယခုအခါ နယ်မြေဒေသအလိုက် အဆင့်မြင့်ပညာများသင်ယူနိုင်သည့် တက္ကသိုလ်၊ ကောလိပ် ၁၅၉ကျောင်းအထိ တိုးတက်လာခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူတို့၏ စားဝတ်နေရေးပြည့်စုံဖူလုံရေးအတွက် အဘက်ဘက်မှ အကြားအလပ်မရှိ ဖြည့်ဆည်းစီမံပေးလျက်ရှိရာ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းကာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ရည်မှန်းချက်ပန်းတိုင် အရောက်လှမ်းနိုင်ရန် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယဉ်ကျေးမှုဝန်ကြီးဌာန တတိယအကြိမ် စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

ယဉ်ကျေးမှုဝန်ကြီးဌာန၏ တတိယအကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ရက် ညနေပိုင်းက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က တတိယအကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများ၏ တပျော်တပါး ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေး၍ ဆုရရှိသည့်အသင်းများအား ဆုများကို ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၁၁-၂-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(ရတနသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (ဝစီကံ)
၈း၃၅ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (မင်းချစ်သူ)
၁၁း၄၅ သိပ္ပံပညာ သိကောင်းစရာ (ကမ္ဘာ့အကြီးဆုံး သုတေသနသင်္ဘောကြီး)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန်/ ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀ ယဉ်ကျေးမှု အနုပညာ (ပြည်ထောင်စုအလှ)
၁၂း၃၀ Music Talk (10) တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (သင်္ချာ)
၁၇း၀၀ အမှတ်တရတေးလက်ဆောင်
၁၇း၁၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (အဝေးရောက်အမေသို့)
၁၇း၃၀ ဖွံ့ဖြိုးဝေစည် ဒို့မြန်ပြည်(၁) ရေဒီယိုဇာတ်လမ်းတွဲများ **ပြာလွင်ကမ္ဘာ အခရာ-** (အပိုင်း-၂)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း **ကျေးရွာတင်ပါတယ် ရေဒီယို**
၁၈း၄၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံကြွယ် သိစေဖွယ် ကမ္ဘာ့ထူးခြားမှတ်တမ်းများ
၁၉း၄၀ ရေဒီယိုအတိုတ်တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (အချစ်သူရဲကောင်းဖြစ်ဖို့)
၂၀း၅၀ ရှာစား စိန်မင်းသား ဆိုင်းအဖွဲ့ (ပြည်ထောင်စုနေ့ ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း) စီးပွားရေးဦးတည်ချက်
၂၁း၀၀ ဆောင်းပါး (ဆရာ့စကားများ)
၂၁း၁၅ ချိုချစ်ဖွယ်အင်္ဂလိပ် တေးသီချင်း ကဏ္ဍ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၉

၁။ **ကမ္ဘာ့တစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီအထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော နိုင်ငံပေါင်း ၆၁နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီအတွင်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအချို့အပါအဝင် နိုင်ငံခုနစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုရှိကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု**

၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီလအထိ နိုင်ငံ ၁၅ နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ($H5N1$)လူသို့ကူးစက်မှု ၄၇၁ဦးရှိပြီး ၂၈၂ဦး သေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံ၌ ဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး**

အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အလေးထားဆောင်ရွက်ရန်၊
(ခ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊
(ဂ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့ လွှင့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊
(ဃ) ကြက်ငှက်များ သံသယဖြစ်ဖွယ် သေဆုံးကြောင်း သိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်၊
(င) ကြက်ငှက် အသား၊ ဥတို့ကို ကျက်အောင် ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

ကျောက်ထုမြို့ စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းလယ်ကျွန်းနှင့် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးဉာဏ်ဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုနေ့အကြို ဗဟန်း၌ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲကို ဇန်နဝါရီ ၂၀ရက် နံနက် ၁၀နာရီက အဆိုပါ ကျောင်းရှိ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် အထက(၃) ကျောင်းအုပ်ဆရာကြီး ဦးလှတင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေး ခေါင်းစဉ်ဖြင့် ဟောပြောသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ဦးစီးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရည်ချွန်ဆု

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၀၉-၂၀၁၀ ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပန်းဘဲတန်း အမက (၂)တွင် ကျင်းပရာ သူငယ်တန်း (က)မှ ပထမဆုရရှိသူ မချစ်စနိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းနွဲ့က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပြည်သူ့အတွက် မြန်မာစကားပြေစာအုပ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၁၉၈၅ခုနှစ်တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သော မောင်ခင်မင်(ဓနုဖြူ)ရေးသားသည့် ပြည်သူ့အတွက် မြန်မာစကားပြေစာအုပ်ကို ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် ပြန်လည်ထုတ်ဝေလိုက်သည်။

ယင်းစာအုပ်၌ မြန်မာစကားပြေရေးသားရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် စကားသုံးနှုန်းမှု၊ သဒ္ဒါသုံးနှုန်းမှုနှင့် ဝါကျဖွဲ့မှုဆိုင်ရာ ဂရုပြုဖွယ်များကို တင်ပြထားပြီး ဝါကျမှ စာပိုဒ်ဖွဲ့ပုံ၊ စာပိုဒ်မှ စာတစ်ပုဒ်လုံးဖွဲ့ပုံ အခန်းတစ်ခန်းကို ထပ်မံဖြည့်စွက်၍ ယနေ့ခေတ်နှင့် ဆီလျော်အောင် ပြန်လည်ပြင်ဆင်ဖော်ပြထားသည်။

ထုံးမီစံမျှ မြန်မာစာပေ စနစ်တကျ တိုးတက်ရေးကို အထောက်အကူပြုသည့်အပြင် မြန်မာစာပေနှင့် မကင်းသူများ လက်စွဲပြုရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ အဆိုပါစာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၅၀၀နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၃၄၆၈၀၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့်အတူ ငါးသိုင်းချောင်း-ဂွလမ်း မိုင်တိုင်အမှတ် (၃၅/၅) မှ (၃၅/၆)အကြား၌ မြေထိန်းနံရံ တည်ဆောက်နေမှုနှင့် မိုင်တိုင်အမှတ် (၃၈/၁)မှ (၃၈/၂)အကြား လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၅၄/၃)ရှိ ပျဉ်းကတိုးစိုက်ခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး ကိုကို သည် ဖေဖော်ဝါရီ ၄ရက် နံနက်ပိုင်းတွင် ဂွမြို့ တပ်နယ်ခန်းမ၌ ဂွတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ရပ်မိရပ်ဖများတွေ့ဆုံ

ဆက်လက်၍ ဂွမြို့ အောင်မင်္ဂလာခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် တိုင်းမှူးတို့က သွပ်၊ ဘိလပ်မြေ၊ ဗလာစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဂွမြို့ ဖောင်တော်ဆိပ်ကမ်း ချဉ်းကပ်လမ်းတည်ဆောက်မည့်နေရာနှင့် ဆိပ်ခံတံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆိပ်ခံတံတားနှင့် အနီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဂွ-သံတွဲလမ်း မိုင်တိုင်အမှတ် (၆၆/၅) မှ (၇၀/၁)အထိ လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျိန္တလီတံတားသို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ကျိန္တလီတံတား ဂူဘက်ခြမ်း ချဉ်းကပ်တံတားတိုးချဲ့ဆောက်လုပ်နေမှုများကို ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တံတား၏ ကြံ့ခိုင်မှုနှင့် ရေစီးရေလာ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ကျိန္တလီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် တိုင်းမှူးတို့က သွပ်၊ ဘိလပ်မြေ၊ ဗလာစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် အဖွဲ့ဝင်များသည် သံတွဲ-သပြုချိုင်ကားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြပြီး နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ငါးသိုင်းချောင်း-ဂွလမ်းတွင် မြေထိန်းနံရံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရေဝတီတံတား(စင်းခန်း)ရေလမ်း၌ ရေယာဉ်များ သွားလာရန် ရေလမ်းကြောင်းသတ်မှတ်ထား

နေပြည်တော် ဖေဖော်ဝါရီ ၉

ရေဝတီမြစ်ကူးတံတား (စင်းခန်း) တည်ဆောက်ရေးစီမံကိန်း၏ လုပ်ငန်းခွင်ဧရိယာ၌ ပင်မရေလယ်တိုင်လုပ်ငန်းဖြစ်သော ရေလယ်တိုင်အမှတ်(၅)၊ အမှတ်(၆)နှင့် အမှတ်(၇)တို့၏ ဘိုးပိုင်အုတ်မြစ်လုပ်ငန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိသဖြင့် အဆိုပါရေလမ်းအတွင်း ဖြတ်သန်းသွားလာသော ရေယာဉ်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဖေဖော်ဝါရီ ၉ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၇)နှင့်(၈)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၆)နှင့်(၇) အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။ ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၁၁၂ မီတာရှိသည်။

သတိပေးနှိုးဆော်

တည်ဆောက်လျက်ရှိသော ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ရေယာဉ်များ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကိုချိန်ဆ၍ လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**သီလ၏အကျိုးအပြစ်နှင့် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော်(မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၆:၅၀	ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၇)
၈:၃၀	Sport World(Trial)
၈:၅၅	ဆေး(၁) (၁၉၆၅-Intake) ရန်ကုန်၏ အာစရိယပူဇော်ပွဲ
၉:၁၀	Activities in the City (အထက-၁၊ သန်လျင် အာစရိယပူဇော်ပွဲ)
၉:၃၀	အားကစားမြင်ကွင်းစုံ ဦးဖေသိန်း(အားကစားကလောင်ရှင်)၊ ကိုစိုးမိုး(IBC)၊ ထွန်းနေစိုး
၁၀:၂၀	ရောက်ဖူးခဲ့သည် အင်းမဆီ
၁၀:၄၀	ဗီဒီယိုပြခန်း
၁၁:၀၀	Industrial Talk
၁၁:၃၅	နာတာရှည်ကျောက်ကပ်အလုပ်မလုပ် (သို့) အားနည်းရောဂါအကြောင်း (ပါမောက္ခဒေါက်တာ ခင်မောင်ဌေး)
၁၂:၀၅	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (လေးလေးနွယ်)
၁၂:၄၀	ဂီတစာဆို ဆရာမျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ (အပိုင်း-၂)
၁:၀၀	**သီလ၏အကျိုးအပြစ်နှင့် ခန္ဓာ ဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (ဆွေမျိုးများတာကောင်းတယ်၊ ဆွေမျိုးမများတာကောင်းတယ်)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၇)
၄:၁၀	Activities in the City (အထက-၁၊ သန်လျင် အာစရိယပူဇော်ပွဲ)
၄:၂၅	ပြည်ထောင်စုတေးအစီအစဉ်
၄:၄၅	ရောက်ခဲ့ဖူးသည် အင်းမဆီ
၅:၀၅	ဆေး(၁) (၁၉၆၅-Intake) ရန်ကုန်၏ အာစရိယပူဇော်ပွဲ
၅:၃၀	ဓာတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင်ဂန္ထဝင်၏ ဓာတ်ပုံထဲမှ အမှတ်တရများ) (အပိုင်း-၂)
၆:၀၀	MRTV-4 သတင်း
၆:၂၀	စားချင်စဖွယ်နည်းအသွယ်သွယ် (Assorted Cookies)
၆:၄၀	ဗီဒီယိုပြခန်း
၇:၀၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Lucky Prize)
၇:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (ဆွေမျိုးများတာကောင်းတယ်၊ ဆွေမျိုးမများတာကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၇)
၁၀:၀၀	ဓာတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင်ဂန္ထဝင်၏ ဓာတ်ပုံထဲမှ အမှတ်တရများ) (အပိုင်း-၂)
၁၀:၂၅	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (လေးလေးနွယ်)
၁၀:၄၀	Industrial Talk
၁၁:၁၀	ပြည်ထောင်စု တေးအစီအစဉ်
၁၁:၁၅	**အဆုံးအဖြတ်** ခန့်စည်သူ၊ အေးမြတ်သူ၊ ၄က်ပျောကြော်၊ မျိုးမျိုးခိုင်၊ ကျင်ဝှက်၊ သိန်းဇံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၁:၃၀	အဏ္ဏဝါထဲမှ ရတနာ(ကဏန်းပျော့)
၁၁:၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂:၁၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Arsenal-Liverpool	ESPN (Live)
၂:၁၀	Aston Villa-Man U	STAR SPORTS(Live)
	Aston Villa-Man U	MRTV-4 (Live)

တောင်တွင်းကြီးမြို့နယ်စည်ပင်သာယာ ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၉

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်သည် ဇန်နဝါရီ ၂၉ရက်က တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) လမ်းအပိုင်းအား ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးမှာကြားခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ **(မြို့နယ်စည်ပင်)**

ဟသ်ာတအသင်းတိုက် အဆောက်အအုံသစ်ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြို့ အမှတ် ၁၈၄-၁၈၆၊ ၄၅ လမ်း အထက်ဘလောက် ဗိုလ်တထောင်မြို့နယ်တွင် တည်ရှိသော ဟသ်ာတအသင်းပိုင်မြေပေါ်တွင် ဟသ်ာတမြို့နယ်သူ မြို့နယ်သားများ၊ အသင်းသူ အသင်းသားများ၊ အသင်း၏ မိတ်ဆွေသဂ်ဟများ၏ လှူဒါန်းငွေများဖြင့် ဟသ်ာတအသင်းတိုက် သုံးထပ်အဆောက်အအုံသစ်ကြီး ဆောက်လုပ်ပြီးစီးပြီဖြစ်၍ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဟသ်ာတအသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များအား ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ကုန်သွယ်မှု ပိုမိုမြင့်တက်လာရေး မောင်တော၌ လုပ်ထုံးလုပ်နည်းရက်တိုသင်တန်းဖွင့်

စစ်တွေ ဖေဖော်ဝါရီ ၉

ရခိုင်ပြည်နယ် မောင်တောမြို့၌ နယ်စပ်ကုန်သွယ်မှု ပိုမိုမြင့်တက်လာရေးပို့ကုန်၊ သွင်းကုန်လုပ်ထုံးလုပ်နည်းရက်တိုသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၅ရက်က မောင်တောမြို့ နယ်စပ်ကုန်သွယ်ရေးကုန်သည်များ အသင်းခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးနှင့် ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး အောင်ကြီး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်နှင့် အဖွဲ့ဝင်များ၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန(နေပြည်တော်) ညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မောင်တောမြို့ရှိ ပြည်သူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပြောကြား

ဖွင့်ပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်က အဖွင့်အမှာစကား ပြောကြားပြီး ညွှန်ကြားရေးမှူးဦးသိန်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းတွင် ပို့ချမည့်ဘာသာရပ်အခြေအနေများကို ဆွေးနွေးပြောကြားသည်။

တက်ရောက်နိုင်

သင်တန်းသို့ သင်တန်းသား ၃၂ဦး တက်ရောက်ကြသည်။ အဆိုပါသင်တန်းသို့ ကုန်သွယ်မှုလုပ်ငန်းစိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(၁၁၃)**

ကတ္တရာလမ်းခင်း

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်သူနှင့် စည်ပင် ပူးပေါင်း၍ ကြွယ်ဝတောင်လမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မြတ်သက်နှင်း ဦးဆောင်၍ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးတင်မြင့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၉

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၆)တွင် ၂၀၀၈ အကယ်ဒမီမြင်ကွင်းကျယ်ပုံရိပ်များ၊ အနုပညာရပ်ဝန်းမှ အကယ်ဒမီပွဲတင်သံများ၊ ပွဲတက် ဖက်ရှင်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အပတ်စဉ်ပါနေကျဖြစ်သော " Political Times"အထူးအချပ်ပိုအပါအဝင် မအအောင် သမိုင်းသင်၊ လူငယ်များ သမိုင်းဖြစ်စဉ်လေ့လာမှု ပိုမိုအားထုတ်ဖို့လိုလာ မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများကပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ၊ ဆရာမောင်စူးစမ်း၏ နိုင်ငံရေးဦးနှောက်ထဲ ဘယ်သင်းလွှမ်းမိုး၊ ဆရာဦးကိုကိုလှိုင်၏ ဒီဃံပသ မာရသံ စသည့် နိုင်ငံရေးအတွေးအမြင် ဆောင်းပါးများ၊ သုံးနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါပိုး ပထမဆုံးပြန်လည်တွေ့ရှိ၊ ယခုနှစ်တွင် ပထမဆုံးအကြိမ် လူတုပ်ကွေးရောဂါ လူလေးဦးတွင် ပြန်တွေ့ရ၊ စားအုန်းဆီဈေး အကျဘက်သို့ ဆက်လက်ဦးတည်၊ အက်ဖ်အီးစီဈေး ဒေါ်လာအပေါ်တွင် ရှိနေဆဲဖြစ်၊ 'မြန်မာနေရှင်နယ်လိဂ် ပေါ်ထွန်းလာခြင်းဟာ မြန်မာဘောလုံး အကျော်အမော်တွေ ပေါ်ပေါက်လာဖို့ အခွင့်အလမ်းတစ်ရပ်ဖြစ်သလား' Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ Money Changer များနှင့်အသုံးဝင်မှု၊ ပြင်သစ်မော်ဒယ်ရွေးပွဲမှာ မြန်မာနိုင်ငံ ကိုယ်စားပြု ယှဉ်ပြိုင်ပြီး နိုင်ငံတကာကို ထိုးဖောက်ဖို့ စဉ်းစားထားတယ် ချမ်းချမ်းနှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

တရုတ်က အမေရိကန်နှင့် စစ်ရေးဆက်ဆံမှုရပ်ဆိုင်း၊ တရုတ်တောင်ပိုင်း တောင်ထူထပ်သောဒေသတွင် မိုးခေါင်သဖြင့် ရေအခက်ကြုံ၊ ကမ္ဘာ့လူညှာ စက်ဘီးသမားတစ်ဦး စင်ကာပူတွင် စက်ဘီးအခိုးခံရ၊ လန်ဒန်မြောက်ပိုင်း ဆောက်ဂိတ်တွင် အိမ်ငှားက အိမ်ရှင်ကို သတ်မှုဖြစ်ပွား မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ်သူတို့က ဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

နျူလက်နက် ဖျက်သိမ်းရေးညီလာခံ အီရန်၌ လက်ခံကျင်းပမည်

တီဟီရန် ဖေဖော်ဝါရီ ၉

၂၀၁၀ခုနှစ် ဧပြီလ သို့တည်းမဟုတ် မေလတွင် နျူကလီးယားလက်နက်များအပါအဝင် လူအစုလိုက်အပြုံလိုက် အသက်ဆုံးရှုံးစေသည့် လက်နက်များဖျက်သိမ်းရေး နိုင်ငံတကာညီလာခံတစ်ရပ်ကို အီရန်နိုင်ငံကလက်ခံကျင်းပမည် ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရာမင်မီဟာန်ပါရတ်စ်က ဖေဖော်ဝါရီ ၇ရက်၌ ပြောကြားသည်။

ပြသ

ယင်းညီလာခံကျင်းပရခြင်းမှာ အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များအပါအဝင် လူအစုလိုက်အပြုံလိုက် အသက်ဆုံးရှုံးစေသည့်လက်နက်များကို အမြစ်ပြတ်ဖယ်ရှားလိုသည်ကို ပြသရန်ဖြစ်ကြောင်း မီဟာန်ပါရတ်စ်က ပြောကြားသည်။ ယင်းဆွေးနွေးပွဲသို့တက်ရောက်ရန် နိုင်ငံတကာမှကျွမ်းကျင်သူများနှင့် ပညာရှင်များကိုလည်း ဖိတ်ကြားထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အစားအစာပွဲတော်

ယူအေအီးနိုင်ငံ အာဘူဒါဘီမြို့၌ ကျင်းပသည့် အစားအစာပွဲတော်အတွင်း နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ပါဝင်ပြသထားသည်ကို ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်နွေဦးရာသီပွဲတော်ကာလ ရှစ်ရက်အတွင်း ရထားစီးခရီးသည် ငါးသန်းကျော်ပို့ဆောင်ပေးနိုင်ခဲ့

ပေကျင်း ဖေဖော်ဝါရီ ၉

တရုတ်ပြည်၌ ဇန်နဝါရီ ၃၀ရက်မှ မတ် ၁၀ ရက်အထိကျင်းပသည့် နွေဦးရာသီပွဲတော်ကာလအတွင်း ဖေဖော်ဝါရီ ၆ ရက်တွင် ရထားပို့ဆောင်ရေးလုပ်ငန်းက ခရီးသည် ၅၁၁၆ ဝ၃သန်းအထိ ပို့ဆောင်ပေးခဲ့ကြောင်း ဖေဖော်ဝါရီ ၇ရက်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန (အမ်အိုအာရ်)မှ တာဝန်ရှိသူက ပြောကြားသည်။

ပွဲတော်အတွင်း ရထားစီးခရီးသည်များကို ဖေဖော်ဝါရီ ၆ရက်အထိ ပေကျင်းမြို့မှ ၃၄၇၄၁၈ဦး၊ကွမ်ကျိုးမြို့မှ ၅၇၆၇၁၀နှင့် ရှန်ဟိုင်းမြို့မှ ၃၂၅၁၉၀ ပို့ဆောင်ပေးခဲ့ကြောင်း(အမ်အိုအာရ်)မှ သတင်းထုတ်ပြန်သည်။

ယခုနှစ် ပွဲတော်ရာသီအတွင်း ရထားပို့ဆောင်ရေးလုပ်ငန်းမှ ခရီးသည် သန်း ၂၁၀ အထိ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း မျှော်လင့်ထားသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပထမဦးဆုံး ပြည်တွင်းဖြစ် မောင်းသူမဲ့လေယာဉ် အီရန်နိုင်ငံ အောင်မြင်စွာ စမ်းသပ်

တီဟီရန် ဖေဖော်ဝါရီ ၉

အီရန်နိုင်ငံသည် ယင်း၏ပထမဦးဆုံး ပြည်တွင်းဖြစ် မောင်းသူမဲ့လေယာဉ်ကို အောင်မြင်စွာစမ်းသပ်ထုတ်လုပ်နိုင်ပြီ ဖြစ်ကြောင်း အီရန်လေတပ်ထိပ်တန်းတပ်မှူး ဗိုလ်မှူးချုပ် အာဇစ်နာဇီဇာဒက်က ဖေဖော်ဝါရီ ၇ရက်တွင် ပြောကြားသည်။

အဆိုပါမောင်းသူမဲ့လေယာဉ်သည် အပြင်ပိုင်းအမြင်အရ လည်းကောင်း၊ ရုပ်ဝတ္ထု ပစ္စည်းအနေအထားအရ လည်းကောင်း၊ မည်သည့်ရေဒါနှင့်မျှရှာဖွေ၍မရနိုင်အောင် တည်ဆောက်ထားခြင်းဖြစ်သည်ဟုလည်း အဆိုပါတပ်မှူးက ပြောကြားသည်။

ကျေနပ်အားရ

ယင်းမောင်းသူမဲ့လေယာဉ်ကို စမ်းသပ်ကြည့်ရာ၌ ရရှိသည့် အချက်အလက်များသည် ကျေနပ်အားရဖွယ်ရှိကြောင်း၊ ယင်းလေယာဉ်ကို အီရန်လေတပ်က ဆက်လက်အသုံးပြုသွားမည် ဖြစ်ကြောင်း ဖားစ်သတင်းဌာနက ဖော်ပြသည်။ **(အင်တာနက်)**

ဗြိတိန်လေကြောင်းကုမ္ပဏီ ယမန်နှစ်က အရှုံးပေါ်

လန်ဒန် ဖေဖော်ဝါရီ ၉

ဗြိတိန်လေကြောင်းကုမ္ပဏီသည် ယမန်နှစ် တတိယသုံးလပတ်အတွင်း အမေရိကန် ဒေါ်လာ ၃၈၇သန်း (၉၃ရာခိုင်နှုန်း) အရှုံးပေါ်ကြောင်း ဖေဖော်ဝါရီ ၅ရက်က သတင်းထုတ်ပြန်သည်။

ကျဆင်း

ကမ္ဘာ့စီးပွားရေးအကျပ်အတည်း ကြုံတွေ့မှုကြောင့် လေကြောင်းခရီးဖြင့် အသွားအလာနည်းမှုနှင့် စက်သုံးဆီဈေးနှုန်းမြင့်တက်မှုတို့၏ အကျိုးဆက်များကြောင့် လေကြောင်းခရီးသွားလုပ်ငန်းများ ကျဆင်းလျက်ရှိသည်ဟု ဆိုသည်။ (အင်တာနက်)

အီရန်နိုင်ငံမှ ထုတ်လုပ်သည့် မောင်းသူမဲ့လေယာဉ် စမ်းသပ်မောင်းနှင်မှုကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဆီးရီးယားနှင့်ညှိနှိုင်းရန် အစ္စရေးလိုလား

ဂျေရုဆလင် ဖေဖော်ဝါရီ ၉

အစ္စရေးနှင့် ဆီးရီးယားနှစ်နိုင်ငံ ဆက်ဆံရေးတင်းမာမှု လျော့ပါးစေရေးအတွက် အစ္စရေးက ကြိုတင်စည်းကမ်းသတ်မှတ်ချက်မထားဘဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်ပြုလုပ်ရန် ဆန္ဒရှိကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ဖေဖော်ဝါရီ ၇ ရက်တွင် ပြောကြားသည်။ အစ္စရေးက အိမ်နီးချင်းများနှင့်ငြိမ်းချမ်းရေးရလိုကြောင်း၊ မိမိတို့က အီဂျစ်၊ဂျော်ဒန်နိုင်ငံတို့နှင့် ငြိမ်းချမ်းရေးရရန် ကြိုးပမ်းခဲ့ကြောင်း အစ္စရေးသတင်းစာဟာရက်ဇ်တွင် ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ပိုင်း ကူမင်းမြို့၌ တောမီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ပြီးနောက် လုံခြုံရေးတာဝန်များ ဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၈ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းဖြစ် တိုက်ချင်းပစ်ဒုံးပျံ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

နယူးဒေလီ ဖေဖော်ဝါရီ ၉

အိန္ဒိယနိုင်ငံသည် ယင်းပြည်တွင်း၌ ထုတ်လုပ်သော နျူကလီးယားတင်ဆောင်နိုင်သည့် အဂ္ဂနီ-၃ အမည်ရှိ ပြည်တွင်းဖြစ် တိုက်ချင်းပစ်ဒုံးပျံကို အရှေ့ပိုင်းဩရိဿပြည်နယ် ကမ်းလွန်မှနေ၍ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်ပြီဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

အဆိုပါဒုံးပျံသည် ကီလိုမီတာ ၃၀၀၀ကျော်အထိ ပစ်ခတ်နိုင်ကြောင်း၊ ဩရိဿပြည်နယ် ဘယ်လာဆိုးခရိုင် ဝှီးလားကျွန်းမှနေ၍ ဖေဖော်ဝါရီ ၇ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ပစ်လွှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ဒုံးကျည်ပစ်လွှတ်မှုအောင်မြင်ကြောင်း ဖြင့်လည်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။ ယင်း အဂ္ဂနီ-၃ တိုက်ချင်းပစ်ဒုံးသည် အဂ္ဂနီ-၂ကို ဆက်ခံလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယကာကွယ်ရေးသိပ္ပံပညာရှင်များအနေဖြင့် ဒုံးပျံပစ်လွှတ်မှုအစအဆုံးကို စောင့်ကြည့်လျက်ရှိကြောင်း၊ လိုအပ်သလို အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဝါရှင်တန်၌ နှင်းများထူထပ်စွာကျဆင်း ယာဉ်အသွားအလာ ပြတ်တောက်

ဝါရှင်တန် ဖေဖော်ဝါရီ ၉

အမေရိကန်နိုင်ငံ အရှေ့ပိုင်းဒေသ အများအပြားတွင် ဖေဖော်ဝါရီ ၆ ရက်က နှင်းမုန်တိုင်းများ အကြီးအကျယ်ကျရောက်နေသဖြင့် နှင်းထုသည် နှစ်ပေ (မီတာတစ်ဝက်)အထိ ဖုံးလွှမ်းနေကြောင်း ယာဉ်အသွားအလာများ ရပ်တန့်သွားရပြီး လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားကာ နှင်းဖုံးသော ထူးဆန်းထွေလာကမ္ဘာကြီးကို ဖန်တီးသကဲ့သို့ ဖြစ်သွားသည်။

နှင်းများသည် အနောက်ဗာဂျီးနီးယားမှ နယူးဂျာစီတောင်ပိုင်းအထိ ညနေစောစောပိုင်းကာလတိုင်အောင် လက်မ ၂၀မှ ၃၈လက်မအထိ (၅၁စင်တီမီတာမှ ၉၉ စင်တီမီတာအထိ) ဖုံးလွှမ်းသွားခဲ့သည်။ **(ယာပုံ)** ၂၄နာရီကျော်ကြာ နှင်းကျနေခဲ့ပြီးမှ နှင်းများ စဲသွားခဲ့သည်။

ပျက်စီး

ဝါရှင်တန်တစ်ဝိုက်တွင် နေအိမ် ၂၃၀၀၀၀ကျော် လျှပ်စစ်မီးများ ပြတ်တောက်သွားသည်ဟု ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။ နှင်းများထူထပ်စွာကျနေသည့်ဒဏ်ကြောင့် သစ်ပင်များ ပြိုလဲပြီး လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ကာ ဓာတ်တိုင်များလည်း ပျက်စီးသည်ဟု သိရသည်။

ဝါရှင်တန်ဆင်ခြေဖုံးရပ်ကွက်များမှာ ဆယ်စုနှစ်များစွာအတွင်း နှင်းဒဏ်ကို အဆိုးရွားဆုံးခံကြရသည်ဟုလည်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

အလုပ်သမားရေးရာကိစ္စ အင်ဒိုနီးရှားနှင့်မလေးရှားသဘောတူညီ

ဂျကာတာ ဖေဖော်ဝါရီ ၉

မလေးရှားအလုပ်ရှင်များက အင်ဒိုနီးရှား အလုပ်သမားများအား အကာအကွယ်ပေးရေးအတွက် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အင်ဒိုနီးရှားနှင့် မလေးရှားနှစ်နိုင်ငံတို့က လက်မှတ်ရေးထိုးကြမည် ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာမှ သံတမန်တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။

ရှင်းလင်း

မလေးရှားရှိ ရွှေ့ပြောင်းအလုပ်သမား နှစ်သန်း၏ အနည်းဆုံးလစာငွေ ပြဿနာမှတစ်ပါး အခြားသောသဘောထားကွဲလွဲမှုများကို နှစ်နိုင်ငံအစိုးရများက ရှင်းလင်းပြီးပြီဟု မလေးရှားနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး ဘက်ချ်တီယာက ပြောကြားသည်။

ပြောကြား

အင်ဒိုနီးရှား ရွှေ့ပြောင်းအလုပ်သမားများအား ရက်သတ္တပတ်လျှင် တစ်ရက်နားရန်၊ စာချုပ်သက်တမ်းအတွင်း နိုင်ငံကူးလက်မှတ်ကိုင်ထားရန်နှင့် အလုပ်သမားများ၏ သွားလာရေးခရီးစရိတ်သက်သာစေရန်အတွက် မလေးရှားအစိုးရက သဘောတူညီသည်ဟု၎င်းက ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

တိုယိုတာပရီယက်စ်ကားများ ကုမ္ပဏီပြန်ပြုပြင်မည်

တိုကျို ဖေဖော်ဝါရီ ၉

တိုယိုတာမော်တော်ကားကော်ပိုရေးရှင်းသည် ယင်း၏ပရီယက်စ်ကားများတွင် တပ်ဆင်ထားသော ဘရိတ်ဖမ်းစနစ်ဆိုင်ရာ ပြဿနာကို ယခုသီတင်းပတ်အတွင်း စောနိုင်သမျှစောပြီး ပြေလည်အောင် ဆောင်ရွက်နိုင်ရန် တိုယိုတာမော်တော်ကားကော်ပိုရေးရှင်းထုတ် ပရီယက်စ်ကားအစီး ၂၇၀၀၀၀ကျော်ကို ပြန်သိမ်းယူရန် စီစဉ်နေကြောင်း သတင်းများရရှိသည်။

ရည်ရွယ်

တိုယိုတာကုမ္ပဏီသည် အမေရိကန်နှင့် အခြားပင်လယ်ရပ်ခြားဈေးကွက်များတွင် ယင်းကိစ္စကို စတင်ဆောင်ရွက်ရန်ရည်ရွယ်ထားသည်။

တိုယိုတာကုမ္ပဏီအနေဖြင့် ယင်းကိစ္စကို ယခုသီတင်းပတ်စောစောပိုင်းအတွင်း အရေးယူ ဖြေရှင်းဆောင်ရွက်သွားဖွယ်ရှိကြောင်းဖြင့်လည်း ဂျပန်သတင်းဌာနတစ်ခုက သတင်းထုတ်ပြန်သည်။**(အင်တာနက်)**

ဖေဖော်ဝါရီ ၉ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ ၂၀၁၀ တရုတ်ရိုးရာနွှေဦးပွဲတော်သို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr. Ye Dabo** နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၇ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ Mandalay Hill Resort Hotel၌ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တင်ငွေ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အလုပ်အမှုဆောင်များ၊ မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းမှူးဗိုလ်ချုပ်တင်ငွေက အမှာစကားပြောကြားရာ၌ မန္တလေးတိုင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးအတွက် အချက်အချာနေရာတွင် တည်ရှိပြီး အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ စသည့်နိုင်ငံကြီးများ၏ ကုန်သွယ်ရေးလမ်းကြောင်း၌ တည်ရှိနေသည့် တိုင်းတစ်တိုင်းဖြစ်သည်နှင့်အညီ မန္တလေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသည် အနာဂတ်နိုင်ငံတော်အတွက် အဓိကအရေးပါသော အသင်းကြီးအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

မန္တလေးတိုင်းအသင်းတွင်ပါဝင်သော အသင်းသားများနှင့် အမှုဆောင်များသည် အတွေ့အကြုံနှင့် စွမ်းဆောင်ရည်မြင့်မားသူများဖြစ်ကြသည်နှင့်အညီ အသင်းတိုးတက်ကြီးပွားရေး၊ ဒေသနှင့်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ကုန်သည်အသင်းများသည် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေါက်တိုင်တစ်တိုင်ဖြစ်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသင်းအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးတို့ကို အမြော်အမြင်ရှိရှိ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး အခမ်းအနား ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခင်းကျင်း ပြသထားသော မန္တလေးတိုင်း စက်မှုလက်မှု လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(ယာပုံ) (သတင်းစဉ်)**

ညောင်ရွှေမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၉

ဖေဖော်ဝါရီ ၆ရက် ညနေ၃နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် သက္ကယ်ကုန်းကျေးရွာ၌ မောင်ဖော(ခ) အောင်စိန်၏ နေအိမ် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ညနေ ၄ နာရီ ၄၅မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ် ၁၆ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၆စု အိုးမဲ့ အိမ်မဲ့ ဖြစ်သွားခဲ့ကြောင်း၊ မီးဘေးဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အရောင်းကိုယ်စားလှယ်ကြီးများနှင့် တွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

၁၉၇၂ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ISO 9001: 2008 လက်မှတ်ရ NIBBAN ELECTRIC & ELECTRONICS ၏ အရောင်းကိုယ်စားလှယ်ကြီးများအား ကျေးဇူးတုံ့ပြန်ဂုဏ်ပြုသည့် အရောင်းကိုယ်စားလှယ်ကြီးများနှင့် တွေ့ဆုံပွဲ (Dealer's Night) အခမ်းအနားကို ဖေဖော်ဝါရီ၈ရက် ညနေ ၆နာရီမှ ည၈နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်းရှိ Western Park Royal Restaurant ခန်းမ၌ ကျင်းပသည်။

၂၀၀၉ခုနှစ် ရောင်းအားအကောင်းဆုံး **NIBBAN ELECTRIC & ELECTRONICS** နှင့် **KINIK** ကိုယ်စားလှယ်များအား ဦးသိန်းကြည် **(Chairman of Nibban Group)** က ဂုဏ်ပြုဆုများ ပေးအပ်စဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် New Product များ၊ Promotion Pakage များနှင့် စပ်လျဉ်း၍ Nibban Group M.D ဒေါက်တာအောင်သိန်းက ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ၂၀၀၉ခုနှစ် ရောင်းအားအကောင်းဆုံး Nibban Electric & Electronics နှင့် KINIK ကိုယ်စားလှယ်များအား ဦးသိန်းကြည် (Chairman of Nibban Group)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

ဆက်သွယ်နိုင်

ဆက်လက်၍ Enduserနှင့် Dealers' Night အခမ်းအနား တက်ရောက်ကြသော ကိုယ်စားလှယ်များအား ကံစမ်းမဲများ ဖွင့်လှစ်ပေးသည်။ NIBBAN Group သည် TV Antenna၊ TV Antenna Booster၊ အင်ဗာတာ၊ UPS, မီးအားမြှင့်စက်၊ ဘက်ထရီအားသွင်းစက်၊ Safeguard, TV, DVD/ EVD Player၊ Amplifier Sound Box၊ Air Conditioner၊ Air Cooler၊ ရေခဲသေတ္တာ၊ Hot & Cold Water Dispenser၊ အဝတ်လျှော်စက်၊ Chest Freezer၊ Infrared Cooker၊ လျှပ်စစ်ပန်ကာ၊ လျှပ်စစ်ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်ရေနွေးကရား၊ အိမ်သုံး၊ လုပ်ငန်းသုံး၊ စက်ရုံသုံး လျှပ်စစ်နှင့် အီလက်ထရွန်နစ် ပစ္စည်းများကို ထုတ်လုပ် ရောင်းချလျက်ရှိသည့်အပြင် ၂၀၁၀ခုနှစ်တွင် မော်ဒယ် ACS-9L24 1HP Split Type Air Conditioner၊ ACS-12L24 1.5 HP Split Type Air Conditioner နှင့် CF-200L-200L Chest Freezer with Indoor Light, Glass Door & Door Loct ၊ CF-250L-250L Chest Freezer with Indoor Light, Glass Door & Door Lockများ၊ ရေခဲသေတ္တာ၊ LCD TV များကို တိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဖြစ်ပြီး ရုံးချုပ်နှင့် အရောင်းခန်းမများမှာ ရန်ကုန်မြို့ လသာမြို့နယ် ဗိုလ်ရွဲလမ်း အမှတ် ၁၆၄ ဖုန်း-၃၈၄၇၃၀၊ ၃၈၉၅၂၃နှင့် စက်ရုံ No 126, Matkhayar Min Thar Gyi Street, City of Industry (East Dagon) ဖုန်း-၅၈၅၁၀၃၊ ၇၀၀၄၇၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ထို့ကြောင့် ၄င်းတို့အား သီးခြားစီခွဲထားစေ၍ ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခဲ့ရာ၌ နောက်ထပ် ကျောင်းသားရှစ်ဦးတွင် New Influenza A(H1N1) ရောဂါပိုး ထပ်မံတွေ့ရှိကြောင်း အတည်ပြုနိုင်ခဲ့သည်။

အဆိုပါ လူနာများသည် ဝေဘာဂီ အထူးကုဆေးရုံကြီးတွင် နှစ်ဦးနှင့် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ခြောက်ဦး တက်ရောက်ကုသမှု ခံယူလျက်ရှိပြီး ၄င်းလူနာရှစ်ဦး၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

တိုက်တွန်းနှိုးဆော်

ပြည်သူလူထုအတွင်း ရောဂါကူးစက်မှု မရှိစေရေးအတွက် ကျန်းမာရေး ဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး - ဗိုလ်ကလေး တင့်အောင်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ မျိုးမျိုးကွဲကွဲ ယဉ်ကျေးမှုအက
၈:၁၀ ၇။ ကြားညှပ်သီးနှံဖရဲ
၈:၁၅ ၈။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ ပြည်ထောင်စုဒိုင်း ပြည်နယ်နှင့်တိုင်း (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ (မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း)
၅:၀၀ ၂။ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သမိုင်းဘာသာရပ်)
၅:၂၅ ၃။ စူပါတေးသံရှင်ရွေးချယ်ပွဲ
၅:၅၀ ၄။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၅။ ညနေခင်းသတင်း
၆:၁၅ ၆။ မိုးလေဝသအခြေအနေ
၆:၂၀ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၃၅ ၈။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၀၅ ၉။ ရသပေါ်လွင် သရုပ်ဆောင် လွင်ပြင်
၇:၃၅ ၁၀။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၈:၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (ပြည်ထောင်စုရဲ့ နေပြည်တော်)
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၁၉)
၁၆။ မြန်မာရုပ်ရှင် **နေကျောက်ခဲ** ကျော်ဟိန်း၊ ခင်သီတာထွန်း၊ ဆွေဇင်ထိုက် (ဒါရိုက်တာ-သင်းသင်းယု)

မခွဲတူညီ သက်သေတည်

* တောင်ပေါ်မြေက ပန်းချယ်ရီ
သင်းပျံ့မွှေးထုံအီ၊
မြေပြန့်ဆီက ပိတောက်ပန်း
ဝင်းဝါရွှေရည်လျှမ်း။
* တောင်တန်းမြေပြန့် ပန်းစုံညီ
သာယာလှပေသည်၊
လေယူရာချီ စဉ်ပျံ့မွှေး
ထူးတဲ့ ဥယျာဉ်လေး။
* ချင်း ကချင် ကယား မွန် ဗမာ
လက်တွဲ ခိုင်ခိုင်မာ၊
ညီညီညာညာ စဉ်မခွဲ
ရခိုင် ရှမ်းနဲ့ ကရင်တို့ခွဲ။
* အတူလက်တွဲ သွေးစည်းညီ
ပင်လုံမြေမှ အစတည်၊
စုစည်းချစ်ကြည် သွေးမခွဲ
သစ္စာ ခိုင်ခိုင်မြဲ။
* မခွဲညီညာ ကြိုးစားမှာ
ဒီမိုကရေစီ ပန်းတိုင်ပါ၊
အနာဂတ်မှာ ဒို့အတူလျှောက်
နိုင်ငံတော်သစ်ဆီ အရောက်။ ။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

နရီ

မကျီးပင် အလကခွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

နေပြည်တော် တပ်ကုန်း မကျီးပင် အလကခွဲ ၂၀၀၈-၂၀၀၉ခုနှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၂)မှ ကျောင်းအုပ် ဆရာကြီး ဦးကျော်စိန်၊ ကျောင်းအကျိုးဆောင် ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မကျီးပင် အလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်လှိုင်တို့က လည်းကောင်း အသီးသီး အမှာစကားပြောကြားကြသည်။

ထို့နောက် ပညာရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။ အခမ်းအနားသို့ ပညာရေးဌာနမှ ဝန်ထမ်းများ၊ ကျောင်းအကျိုးဆောင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

Database Management Systemများ တည်ဆောက်ပုံနှင့် အလုပ် လုပ်ပုံနည်းစနစ်များ၊ Orade Database Server နှင့် Microsoft SQL Server အကြောင်းများနှင့် စပ်လျဉ်း၍ ဟောပြောပွဲကို ဖေဖော်ဝါရီ၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ မရမ်း ကုန်းမြို့နယ် ပြည်လမ်း ရှစ်မိုင် အမှတ် ၁၁၂ အခန်း ၁၁/၁၂ တွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြပြီး ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉နှင့် ၆၅၀၁၂၄ တို့သို့ ဆက်သွယ် စာရင်းပေးနိုင်သည်။ **(မြန်မာ့အလင်း)**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများ ပြည်ထောင်စုတစ်ဝန်းသို့ အချိန်တိုအတွင်း ခရီးသွားလာနိုင်ကြရေးအတွက် နိုင်ငံတော်က စီစဉ်ဆောင်ရွက်လျက်ရှိရာတွင် လေဆိပ်များ အဆင့်မြှင့်တင်ခြင်း၊ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းပေးခြင်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့မှုကြောင့် နှစ်သက်ရာလေကြောင်းလိုင်းများကို စိတ်တိုင်းကျရွေးချယ်ကာ ဤသို့ လေယာဉ်ကြီးများဖြင့် ဝေဟင်ခရီးနှင်နိုင်ကြပေပြီ····။

(မြန်မာ့အလင်း)

ရခိုင်ပြည်နယ်သည် ထူးခြားသော ဒေသပထဝီမျက်နှာပြင်ဖွဲ့စည်းမှုရှိပြီး ပြည်နယ်အတွင်း ခရိုင်လေးခု၊ မြို့နယ်ပေါင်း ၂၀ ရှိကာ ကမ်းရိုးတန်းအရှည်မိုင် ၃၆၀၊ ဧရိယာအကျယ်အဝန်း ၁၄၂၀၀ ဒသမ ၀၈ စတုရန်းမိုင် (၉၀၈၈၀၅၃ ဧက) ကျယ်ဝန်းသည်။

စစ်တွေခရိုင်အတွင်း စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပေါက်တော၊ မြေပုံမြို့များပါဝင်ကာ အိမ်ခြေ ၂၂၁၁၂၇နှင့် လူဦးရေ ၁၅၂၂၀၄၀ နေထိုင်သည်။

မောင်တောခရိုင်တွင် မောင်တော၊ ဘူးသီးတောင်၊ တောင်ပြိုလက်ဝဲမြို့များပါဝင်ကာ အိမ်ခြေ ၉၆၈၂၅နှင့် လူဦးရေ ၇၂၄၄၉၁ဦး နေထိုင်လျက်ရှိသည်။

ကျောက်ဖြူခရိုင်အတွင်း ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်းမြို့နယ်များ ပါဝင်ကာ အိမ်ခြေ ၈၄၄၆၁လုံးနှင့် လူဦးရေ ၅၆၀၃၄၉ဦး နေထိုင်ကြသည်။

သံတွဲခရိုင်အတွင်း သံတွဲ၊ တောင်ကုတ်၊ ဂွ၊ မအီ၊ ကျိန္တလီမြို့များပါဝင်ကာ အိမ်ခြေ ၆၁၇၄၁ လုံးနှင့် လူဦးရေ ၃၇၆၄၅၀ နေထိုင်လျက်ရှိသဖြင့် ရခိုင်ပြည်နယ်အတွင်း စုစုပေါင်းအိမ်ခြေ ၄၆၄၁၅၄လုံး၊ လူဦးရေ ၃၁၈၃၃၃၁ဦး နေထိုင်လျက်ရှိသည်။

လျင်မြန်စွာဖြစ်ထွန်း

တပ်မတော်အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ်သည် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာသည်မှာ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများ ဦးစားပေးဆောင်ရွက်နိုင်ခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အပြင် ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများလည်း လျင်မြန်စွာ ဖြစ်ထွန်းလာခဲ့ပေပြီ။

စိုက်ပျိုးရေးကဏ္ဍကိုကြည့်လျှင် ရခိုင်ပြည်နယ်သည် နှစ်စဉ် မိုးရေချိန်လက်မ ၂၀၀ အထက်ရှိသော မိုးများသည့်ဒေသဖြစ်ပြီး သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ဧရိယာ ၁၆၈၆၂၆၇ဧက၊ တောရိုင်း ၃၅၃၂၂၉၉ဧကနှင့် စိုက်ပျိုးခြင်းမပြုနိုင်သောမြေ ၂၃၀၀၀၄၁ဧကရှိသဖြင့် တောင်ကုန်းနှင့် မြစ်ချောင်းများ ပေါများလှသော ပြည်နယ်

❒ ရှေ့ဖုံးမှ

အတိတ်သမိုင်းတွင် ကိုလိုနီနယ်ချဲ့တို့ မြန်မာနိုင်ငံကို စိုးမိုးခဲ့စဉ်က သွေးခွဲအုပ်ချုပ်ခဲ့မှု၏ အကျိုးဆက်အဖြစ် တိုင်းရင်းသားအချင်းချင်း ယုံမှားသံသယပွားကာ ညီညွတ်မှုပြိုကွဲပြီး အချို့ဒေသများ၌ အေးချမ်းတည်ငြိမ်မှု မရှိခဲ့ပေ။ တိုင်းရင်းသားညီအစ်ကို မောင်နှမများ အချင်းချင်း အထင်အမြင်လွဲမှားကာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စည်းလုံးမှု အားနည်းခဲ့ရပေသည်။

သဘာဝတောတောင်၊ မြစ်ချောင်း၊ ပင်လယ်တို့ဖြင့် ပိုင်းခြားနေမှုကြောင့်လည်း နီးလျက်ဝေးကာ အဆက်အဆံ သွေးအေးခဲ့ရသည်။ တည်ငြိမ်အေးချမ်းမှု အားနည်းခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်ပြီး အခြေခံအဆောက်အအုံများ ဖောက်လုပ်ဆောင်ရွက်နိုင်ခဲ့ပြန်ရာ ယခင်ကာလက နယ်စပ်ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု များစွာ နောက်ကျကျန်ရစ်ခဲ့ရသည်။

ဖွံ့ဖြိုးတိုးတက်လာ

ယခုအခါတွင် အတိတ်ကိုသုံးသပ်၍ အနာဂတ်ကိုဆင်ခြင်၊ ပစ္စုပ္ပန်တွင် ဆောင်ရွက်သင့်သည်များကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့အတူတကွ လက်တွဲကာ ဟန်ချက်ညီညီ အားကြိုးမာန်တက် ဖော်ဆောင်လျက်ရှိသဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး ယခင်နှင့်မတူ များစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပေပြီ။

နိုင်ငံအနှံ့၌ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် လမ်း၊ တံတားပေါင်းများစွာကို လက်ယှက်ထိုး ဖောက်လုပ်တည်ဆောက်ခဲ့သည်။ ဒေသခံပြည်သူလူထုအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာအား ဖြည့်ဆည်းပေးလျက်ရှိသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြပြီဖြစ်သည်။

မင်းချောင်းတံတားအလွန် ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ဘူတာမှ ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်စံပြရွာအထိ ခရီးမိုင် ၂၂ဒသမ ၇၂မိုင်ကိုဖွင့်လှစ်နိုင်ရန်အတွက် မြန်မာ့မီးရထားဝန်ထမ်းများက ဘူတာရုံများ၊ ယာဒ်စခန်းများ ဆောက်လုပ်ခြင်း၊ သံလမ်းများခင်းခြင်း၊ မြေသားလမ်းများ ပြုပြင်ခြင်းများကို စက်ယန္တရားများဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ။

ယခင်ခေတ်အဆက်ဆက်က အိပ်မက်ပင်မမက်ဖူးခဲ့သော မြစ်ကူးတံတားကြီးများ၊ ပြည်ထောင်စုလမ်းမကြီးများ၊ လေယာဉ်ကွင်းသစ်များ၊ ဆိပ်ခံတံတားသစ်များကို တိုးချဲ့တည်ဆောက်မြှင့်တင်လျက်ရှိသဖြင့် တိုင်းရင်းသားပြည်သူများ ဒေသတစ်ခုနှင့်တစ်ခု လွယ်လင့်တကူ ကူးသန်းဆက်သွယ် သွားလာနိုင်ခဲ့ကြပေပြီ။

ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်ထောင်စုတည်းဟူသော အညာတစ်ခုတည်းမှ သီးပွင့်ပေါက်ဖွားလာကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး ရရှိခံစားနေကြရပြီဖြစ်သည်မှာ အထင်အရှားပင်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် တစ်ချိန်က လမ်းပန်းဆက်သွယ်ရေး အားနည်းခဲ့မှုကြောင့် ဒေသခံတိုင်းရင်းသား ရင်သွေးငယ်များအနေဖြင့် အဆင့်မြင့်ပညာရပ်များ သင်ယူတတ်မြောက်မှု အခွင့်အလမ်းနည်းပါးခဲ့ရာ နိုင်ငံတော်က မွန်မြတ်သည့်စေတနာဖြင့် တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ပေးခဲ့မှုကြောင့် နိုင်ငံတော်နှင့် ပြည်နယ် ဖွံ့ဖြိုးရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်မည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနေပြီဖြစ်သည့် ကျောက်ဖြူပညာရေးကောလိပ်ကလည်း ဤသို့ ကြီးမြတ်သည့် ဂုဏ်ဒြပ်ကိုဆောင်လျက်····။

(မြန်မာ့အလင်း)

ယင်းသို့ ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို မြန်မာနိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်းတွင်တည်ရှိသည့် ဓညဝတီ ရခိုင်ပြည်နယ်၌လည်း ရရှိခံစားလျက်ရှိနေပြီဖြစ်သည်။

ထိစပ်တည်ရှိ

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်အစွန်ဆုံးပြည်နယ်တစ်ခုဖြစ်ပြီး ရခိုင်ပြည်နယ်၏ မြောက်ဘက်တွင် ချင်းပြည်နယ်၊ အရှေ့ဘက်တွင် မကွေးတိုင်း၊ ပဲခူးတိုင်း၊ တောင်ဘက်တွင် ဧရာဝတီတိုင်းနှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်တည်ရှိသည်။

ဖြစ်ပေသည်။ ယခုအခါ စိုက်ပျိုးမြေများ တိုးချဲ့လာနိုင်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

စေတနာအပြည့်အဝ

တစ်ဖန် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း ရှုံ့နှံ့ထူထပ်လွန်းသည့်အတွက် ဒေသခံများ မည်သို့မျှ မျှော်လင့်ထားခြင်းမရှိသော တံတားကြီးများကို ၅၆၆၃၃ ဧက ကျယ်ဝန်းသည့် ဝန်ဖိုက်ဒီရေတောအတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စေတနာအပြည့်အဝဖြင့် တည်ဆောက်ပေးခဲ့သည်။

"တိုင်းရင်းသားတွေပေါင်းဆုံဖို့ လမ်းတံတားတွေ တည်ဆောက်စို့" ဟူသော ဆောင်ပုဒ်ဖြင့် ရခိုင်ပြည်နယ်အတွင်း *စာမျက်နှာ ၇ ကော်လံ ၁*

မင်းချောင်းတံတား

တောင်တန်းများနှင့် မြစ်ချောင်း ချိုင့်ဝှမ်းပေါများသော ရခိုင်ပြည်နယ်အား အဘက်ဘက်မှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာတွင် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော လမ်း၊ တံတားများကို ငွေကြေးရင်းနှီးမြှုပ်နှံမှု များစွာဖြင့် တည်ဆောက်ပေးလျက်ရှိရာ တောင်ကုတ်မြို့နှင့် သံတွဲမြို့အကြား ဆက်သွယ်ပေးထားသည့် မင်းချောင်းတံတား၏ အလှကလည်း ရခိုင်ပြည်နယ်၏ တိုးတက်စည်ပင်လာမှုကို ထုတ်ဖော်ပြသနေသည့်နှယ်····။ (မြန်မာ့အလင်း)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ရခိုင်ပြည်နယ်

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၉	တိုးတက်မှု	မှတ်ချက်
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၈၆၀၉၃၇	၁၂၈၉၀၀၂	၄၂၈၀၆၅	
၂	ဆည်တမံ(အကြီး/အသေး)	ခု	၂	၅၉	၅၇	
၃	မြစ်ရေတင်လုပ်ငန်း	ခု	-	၄	၄	
၄	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၁၈၃၃·၉၄	၁၈၃၃·၉၄	
၅	ရထားလမ်း	မိုင်	-	၁၁·၄၆	၁၁·၄၆	
၆	ပေ ၁၈၀အထက်တံတား	စင်း	၁၉	၄၇	၂၈	
၇	စာတိုက်စခန်း	ခု	၁၂	၈၂	၇၀	
၈	ကြေးနန်းရုံး	ရုံး	၁၈	၂၇	၉	
၉	တယ်လီဖုန်း	ရုံး	၁၆	၄၅	၂၉	
၁၀	မိုက္ကရိုဝေ့ဗ်စခန်း	ခု	၇	၁၆	၉	
၁၁	ရေအားလျှပ်စစ်စက်ရုံ	ရုံ	-	၃	၃	စီမံကိန်းဆောင်ရွက်ဆဲ
၁၂	အခြေခံပညာကျောင်း	ကျောင်း	၂၃၉၁	၂၇၁၀	၃၁၉	
၁၃	တက္ကသိုလ်၊ ကောလိပ်	ခု	၁	၂	၁	
၁၄	နည်းပညာတက္ကသိုလ်၊ ကောလိပ်	ခု	-	၁	၁	
၁၅	ကွန်ပျူတာတက္ကသိုလ်	ခု	-	၁	၁	

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် စီမံကိန်းများ

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁။	**စိုက်ပျိုးရေး** သရီချောင်းရေလှောင်တမံစီမံကိန်း	ကျောက်တော်မြို့နယ်	အကျိုးပြုစိုက်ပျိုးဧက ဧက ၃၀၀၀
၂။	**လမ်းပန်းဆက်သွယ်ရေး** ပေ ၁၈၀နှင့်အထက် တည်ဆောက်ဆဲတံတား သယုပဲပဒုံကြိုးတံတား	အမ်းမြို့နယ်	
၃။	**ရထားလမ်း** စစ်တွေ-အမ်း-မင်းဘူး	ရခိုင်ပြည်နယ်	ကွမ်းတောင်-ယိုးတရုတ်လမ်းပိုင်း ၂၂·၇၂ မိုင်
၄။	**ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့** ရွှေ(၁) (A-1) ရွှေဖြူ (A-3) မြဓာတ်ငွေ့သိုက်	 စစ်တွေမြို့နယ်အနီး ကျောက်ဖြူမြို့နယ်အနီး ကျောက်ဖြူမြို့နယ်အနီး	
၅။	**လျှပ်စစ်စွမ်းအား** **(က)တည်ဆောက်ဆဲစီမံကိန်း** (၁) အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း (၂) သူငွေချောင်းရေအားလျှပ်စစ်စီမံကိန်း **(ခ) တည်ဆောက်မည့်စီမံကိန်း** (၁) စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်း (၂) လေးမြို့ချောင်းရေအားလျှပ်စစ်စီမံကိန်း	 အမ်းမြို့နယ် သံတွဲမြို့နယ် ဘူးသီးတောင်မြို့နယ် မြောက်ဦးမြို့နယ်	

ကြည်နူးချမ်းမြေ့ဖွယ်

သဘာဝဘူမိအနေအထားအရ တောင်ကုန်း တောင်တန်းများ ထူထပ်သော ရခိုင်ပြည်နယ်အား အခြားပြည်နယ်နှင့် တိုင်းများနည်းတူ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်က ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိရာ ပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများ ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးတို့ လွယ်ကူလျင်မြန်စေရန် ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ပေးခဲ့သည့်အပြင် အဆင့်မြင့်ရထားများပါ နေ့စဉ် ပြေးဆွဲပေးနိုင်မှုကြောင့် ဒေသခံပြည်သူများ ဤသို့ သက်သောင့်သက်သာ စီးနင်းသွားလာနိုင်ကြသည့် မြင်ကွင်းကလည်း ကြည်နူးချမ်းမြေ့ဖွယ်ရာပင်····။

(မြန်မာ့အလင်း)

စာမျက်နှာ ၆ မှ

ပေ ၁၈၀အထက်တံတားကြီး ၃၆စင်းကို ငွေကျပ်သိန်းပေါင်း ၂၈၀၃၀၉ ဒသမ ၄၃နှင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၇သန်းကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့သကဲ့သို့ ၁၉၈၈ခုနှစ်မတိုင်မီက တည်ဆောက်ခဲ့သော တံတားအချို့ ပျက်စီးသဖြင့် ပြန်လည်တည်ဆောက်ပေးခဲ့ရသည်များလည်း ရှိခဲ့သည်။ ဤသည်မှာ နိုင်ငံတော်က ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် မွန်မြတ်သော စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း တွေ့နိုင်ပေသည်။

ဖွင့်လှစ်နိုင်ခဲ့

ပို့ဆောင်ရေးဝန်ကြီးဌာနက စစ်တွေလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်းနှင့် လေယာဉ်ရပ်နားနေရာတို့အား လေးလက်မထု နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းများကို ၁၁-၁၂-၂၀၀၈ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများပြီးစီးသဖြင့် ၂၀-၅-၂၀၀၉ရက်နေ့တွင် လေယာဉ်ပြေးလမ်းကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

ယခုအခါ စစ်တွေလေယာဉ်ကွင်းသို့ မြန်မာ့လေကြောင်းမှ တစ်ပတ်ငါးရက်နှင့် ပုဂ္ဂလိကလေကြောင်းများမှ ပွင့်လင်းရာသီတွင် နေ့စဉ် F-27 (ဖော်ကာ)၊ F-28 (ဂျက်) ATR 42၊ ATR 72 စသည့် လေယာဉ်ကြီးများနှင့် တစ်ခါတစ်ရံ စင်းလုံးငှားလေယာဉ်များပါ အန္တရာယ်ကင်းစွာ ဆင်းတက်ပျံသန်းလျက်ရှိသည်။ Y-8 လေယာဉ်ကြီးများအထိလည်း တက်ဆင်းနိုင်သည့် လေယာဉ်ကွင်းကြီး ဖြစ်ပေသည်။

တိုးချဲ့ဖောက်လုပ်

ရခိုင်ပြည်နယ် စစ်တွေ လေဆိပ်သည် ဒုတိယကမ္ဘာစစ်အတွင်းက သံပြားပေါက်များခင်းထားသော စစ်သုံးလေယာဉ်ကွင်းတစ်ကွင်းသာဖြစ်ပြီး ၁၉၆၀ခုနှစ်တွင် အလျားပေ ၆၀၀၀ × အကျယ်ပေ ၁၅၀ဖြင့် ကျောက်ကတ္တရာခင်း လေယာဉ်ပြေးလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်ခဲ့သည်။

စစ်တွေလေဆိပ်လေယာဉ်ပြေးလမ်းကို ၂၀၀၁-၂၀၀၂-၂၀၀၃ခုနှစ်များတွင် ကတ္တရာရေပိတ်လွှာခင်းခြင်းလုပ်ငန်းနှင့် လေဆိပ်မူလအဆောက်အအုံ ပေ ၁၂၀× ပေ ၆၀ကို ပေ ၂၂၀× ပေ ၆၀ အထိ တိုးချဲ့ဆောင်ရွက်ခဲ့သည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၁ရက်နေ့မှစ၍ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်း၊ လေယာဉ်ရပ်နားနေရာတို့တွင် ကတ္တရာသက်တမ်းကုန်ဆုံးခြင်း၊ သက်တမ်းကြာမြင့်၍ မျက်နှာပြင် ကြမ်းတမ်းမှုရှိခြင်း၊ မြေလမ်းနိမ့်ကျ၍ ရေဝပ်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် လေယာဉ်များ ဆင်း/ တက်ရာတွင် အန္တရာယ်ရှိနိုင်သည့်အတွက် လေယာဉ်ပြေးလမ်း ပေ ၆၀၀၀ × ပေ ၁၅၀၊ လေယာဉ်သွားလမ်း ၅၂၅ပေ × ၇၅ပေနှင့် လေယာဉ်ရပ်နားနေရာ ၅၇၅ ပေ × ပေ ၃၀၀တို့ကို ကျောက်ကတ္တရာဖြင့် မျက်နှာပြင်ညှိလွှာခင်းခြင်းတို့နှင့် လေဆိပ် လေယာဉ်ကွင်းပတ်လည် ပေ ၁၈၃၀၀ ကို ၅ လက်မ × ၅ လက်မ ကွန်ကရစ်တိုင်နှင့် သွပ်ဆူးကြိုး ရှစ်တန်း ခြံစည်းရိုးကာရံခြင်း ဆောင်ရွက်ခဲ့သည်။

စစ်တွေလေယာဉ်ကွင်းကို အဘက်ဘက်မှ လိုလေသေးမရှိအောင် တိုးချဲ့ပြင်ဆင်ဆောက်လုပ်ပေးထားပြီး ရာသီမရွေး လေယာဉ်များ ဆင်း/တက်သဖြင့် ဒေသခံများ များစွာအဆင်ပြေလျက်ရှိသကဲ့သို့ ခရီးသွားဧည့်သည်များအတွက်လည်း လေကြောင်းခရီးစဉ်ဖြင့် ရာသီမရွေး လာရောက်လေ့လာ လည်ပတ်နိုင်ကြပေပြီ။

ဆက်တိုက်ပေါ်ထွက်လာ

ထူထဲသည့် ရွှံ့နွံဒီရေတောများ၊ ရေသာမက မြေကြီးကပင် ငန်ပြီး ပင်လယ်၊ မြစ်ချောင်းခြားကာ သဘာဝအတားအဆီးကြီးမားသည့် ရခိုင်ပြည်နယ်အတွင်း မီးရထားလမ်းများ ဖြစ်ပေါ်လာမည်ကို မည်သူမျှ မျှော်လင့်မထားခဲ့။ ယင်းသို့ မျှော်လင့်မထားခဲ့သည့် အရာများသည်ပင် မျက်စိရှေ့၌ အံ့သြဖွယ်ရာ ဆက်တိုက်ပေါ်ထွက်လာခဲ့ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ခုလုံး အရှိန်အဟုန်ဖြင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြီးမားသည့် ရခိုင်ပြည်နယ်အတွင်း မီးရထားလမ်းများ ဖောက်လုပ်ပေးခဲ့ရာ စစ်တွေ (ပြည်တော်သာ)ဘူတာမှ ရေချမ်းပြင်ဘူတာ(နည်းပညာတက္ကသိုလ်အနီး)အထိ ၁၁ ဒသမ ၄၆ မိုင်ရှည် မီးရထားလမ်းကို ၁၉-၅-၂၀၀၉ရက်နေ့က အောင်မြင်စွာ ဖွင့်လှစ်ခုတ်မောင်းနိုင်ခဲ့သည်။

ပြည်တော်သာဘူတာ၊ စစ်တွေဘူတာ၊ ဓာ‌ပူဂျာဘူတာ၊ ရေချမ်းပြင်ဘူတာနှင့် စစ်တွေတက္ကသိုလ်(ယာဒ်စခန်း)၊ ဒါးပိုင်(ယာဒ်စခန်း)၊ မယ်ဇလီ(ယာဒ်စခန်း)များသို့ နေ့စဉ် နံနက် ၇ နာရီခွဲမှ ညနေ ၅ နာရီအထိ တစ်နေ့လေးကြိမ် ခရီးစဉ် ၈/ဆုံး လူတစ်ဦး ငွေကျပ် ၁၀၀ဖြင့် ရထားပြေးဆွဲပေးလျက်ရှိသည်။

ဒေသခံများနှင့် စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(စစ်တွေ)မှ ကျောင်းသားကျောင်းသူများ၊ နည်းပြဆရာ ဆရာမများအတွက် များစွာအဆင်ပြေလျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း လူငယ်များ အဆင်ပြေစွာ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။

ဒေသထွက် မီးဖိုချောင်သုံးပစ္စည်းများ သယ်ပို့ရာတွင်လည်း ယခင်ကထက် များစွာ ကုန်ကျစရိတ် သက်သာသဖြင့် ဘူတာ၊ ယာဒ်စခန်း၊ အဝင်၊ အထွက် မီးရထားဥဩသံသည် ဒေသခံများအတွက် လွန်စွာ နားဝင်ချိုကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အတွက် အဖိုးမဖြတ်နိုင်သော အားဆေးကြီးတစ်ပါး ဖြစ်လာခဲ့သည်။ ရခိုင်ပြည်နယ်ရှိ ပြည်သူများ ပြုံးပန်းဝေနိုင်ခဲ့ပေပြီ။

ခရီးသွားများ စိတ်ချမ်းသာ

ရထားထွက်ချိန်၊ ရောက်ရှိချိန်မှန်သဖြင့် ခရီးသွားများ စိတ်ချမ်းသာနေကြရသည်။ နေ့စဉ်ခရီးသည် ၁၀၀၀ခန့်ကို တနင်္ဂနွေနေ့တွင် အထူးအဖြစ် စက်ခေါင်းနှစ်လုံး၊ လူစီးတွဲနှစ်တွဲဖြင့်လည်းကောင်း၊ တနင်္လာနေ့မှ စနေနေ့အထိ စက်ခေါင်းနှစ်လုံး၊ လူစီးတွဲတစ်တွဲဖြင့်လည်းကောင်း ပြေးဆွဲနေသည်။

အလားတူ မင်းဘူး-စစ်တွေ ရထားလမ်းကိုလည်း အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့သဖြင့် ၂၅၇မိုင်ဝေးကွာသည့် ရထားလမ်းကို အကောင်အထည်ဖော်နေကြောင်း သိရသည်။

မင်းဘူး-ပဒါန်း ၂၈မိုင်၊ ပဒါန်း-အမ်း ၅၄မိုင်၊ အမ်း-မင်းပြား ၇၆မိုင်၊ မင်းပြား-မြောက်ဦး ၁၆မိုင်၊ မြောက်ဦး-ကျောက်တော် ၂၃မိုင်၊ ကျောက်တော်-ပုဏ္ဏားကျွန်း ၃၄မိုင်၊ ပုဏ္ဏားကျွန်း-စစ်တွေ ၂၆မိုင်ဖြင့် စုစုပေါင်း ၂၅၇မိုင် ဖြစ်သည်။

ယင်းတို့အနက် အပိုင်းသုံးပိုင်းခွဲကာ စစ်တွေ-မင်းပြားလမ်းပိုင်း ၉၉မိုင်၊ မင်းပြား-အမ်းလမ်းပိုင်း ၇၆ မိုင်၊ အမ်း-မင်းဘူးလမ်းပိုင်း ၈၂မိုင်ဖြင့် ၂၅၇မိုင်ကို သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ရာ ယခုအခါ စစ်တွေ-မင်းပြားလမ်းအပိုင်းတွင် ပထမဦးစွာ စစ်တွေ ပြည်တော်သာဘူတာမှ ရေချမ်းပြင်ဘူတာအထိ ခရီးမိုင် ၁၁ဒသမ ၄၆မိုင် ပြီးစီးသဖြင့် ရထားပြေးဆွဲနေခြင်းဖြစ်သည်။

အရှိန်အဟုန်မြင့်

မကြာမီ မင်းချောင်းတံတားအလွန် ပုဏ္ဏားကျွန်းမြို့နယ် ကွမ်းတောင်ဘူတာမှ ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်စံပြရွာအထိ ခရီးမိုင် ၂၂ဒသမ ၇၂မိုင်ကို ဖွင့်လှစ်နိုင်ရန်အတွက် မြန်မာ့မီးရထားဝန်ထမ်းများက ဘူတာရုံများ၊ ယာဒ်စခန်းများ ဆောက်လုပ်ခြင်း၊ သံလမ်းများခင်းခြင်း၊ မြေသားလမ်းများ ပြုပြင်ခြင်းများကို စက်ယန္တရားများဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

စစ်တွေမှ ကျောက်တော်အထိ လမ်းပိုင်းတွင် ပေ ၁၈၀အထက် တံတားကြီးခြောက်စင်းမှာ နာရီကန်ချောင်းတံတား ပေ ၃၀၀၊ ကျောက်တန်းချောင်းတံတား ၄၅၂ပေ၊ မင်းချောင်းတံတား ၂၀၀၃ပေ၊ ကင်းချောင်းတံတား ပေ ၄၄၀၊ ယိုးချောင်းတံတား ပေ ၄၂၀ နှင့် ပိကောက်ချောင်းတံတား ပေ ၃၆၀တို့ဖြစ်ပြီး ပေ ၄၀ နှင့် ပေ ၁၆၀ ကြားတံတားခြောက်စင်း၊ ပေ ၄၀အောက်တံတား ၁၇၄စင်းပါဝင်သဖြင့် ရခိုင်ပြည်နယ်သည် ချောင်းများ၊ မြစ်များ မည်မျှပေါများသည်ကို တွေ့မြင်နိုင်ပေသည်။ သို့သော် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရမည်ဟူသော နိုင်ငံတော်၏ စေတနာနှင့် လက်တွေ့လုပ်ရပ်များကြောင့် တောတောင်၊ ချောင်း မြောင်း ထူထပ်သော ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတားများ လက်ယှက်ထိုးအောင် ဖောက်လုပ်ပေးနိုင်ခဲ့ပေသည်။

သွားလာနိုင်

စစ်တွေမှ ကျောက်တော်အထိ ဘလောက်ဘူတာ(Block Station) ၁၃ခု၊ ယာဒ်စခန်းဘူတာ (Halt Station) ၁၁ခု ပါဝင်သဖြင့် မီးရထားလမ်းဖြတ်သန်းသည့် ကျေးရွာများမှ ဒေသခံများနီးစပ်ရာ ဘူတာမှတစ်ဆင့် မင်းဘူးအထိသွားနိုင်ကာ ဧရာဝတီမြစ် အရှေ့ဘက်၊ အနောက်ဘက်ရှိ မီးရထားလမ်းရှိသော ဒေသများသို့တိုင် မကြာတော့သည့်အချိန်တွင် စျေးနှုန်းသက်သာစွာဖြင့် ခရီးသည်များ သက်သောင့်သက်သာ သွားလာနိုင်တော့မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံတော်ကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ကြိုးပမ်းဖော်ဆောင်

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး ပြည်သူတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက်လည်း ကြိုးပမ်းဖော်ဆောင်နေပါသည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်း ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ထူးထူးခြားခြား ဖြစ်ထွန်းရရှိနေသည့် တည်ငြိမ်အေးချမ်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ဖွံ့ဖြိုးသာယာခြင်းစသည့် ရလဒ်ကောင်းများ ဆက်လက်ဖြစ်တည် ထွန်းကားနေစေရန် များစွာအရေးကြီးပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဖွံ့ဖြိုးခြင်းများ ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

10-2 (07).pmd 1 2/10/2010, 1:06 AM

ပင်လုံသန္နိဋ္ဌာန်၊ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်

လဝန်းအိမ်
(စီးပွားရေးတက္ကသိုလ်)



''ပြည်ထောင်စုမြန်မာနိုင်ငံ'' ဟူသည် မြန်မာတို့စုစည်းနေထိုင်ကာ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် **ဝံသာနုရက္ခိတတရား (ပြည်ထောင်စုစိတ်ဓာတ်)** ကိုယ်စီဖြင့် သမိုင်းတစ်လျှောက် လျှောက်လှမ်းခဲ့ကြသော ဆွေမျိုးမိသားစုများ၏ နိုင်ငံဖြစ်ပေသည်။

မြန်မာနိုင်ငံသည် မြောက်မှတောင်သို့ မိုင်ပေါင်း ၁၃၀၀ကျော်၊ အရှေ့မှ အနောက်သို့ မိုင်ပေါင်း ၆၀၀၊ ဧရိယာအကျယ်အဝန်း ၂၆၁၂၂၈ စတုရန်းမိုင်ရှိသည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်သည့် တိုင်းရင်းသား လူမျိုးများအနေဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည်တို့ အပါအဝင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် စုစည်းနေထိုင်ကြပြီး ယင်းပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရေကြည်ရာမြက်နုရာ တောင်ပေါ်မြေပြန့်အနှံ့ ဖြန့်ကြက်နေထိုင်ကြသော်လည်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စည်းလုံးညီညွတ်စွာ စုပေါင်းနေထိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်၌ အမျိုးသားရေးဂုဏ် မြောက်စွာ ထင်ရှားလှသည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အားသည် အစဉ်ရှင်သန်ခိုင်ခံ့ခဲ့သည်ကို တွေ့ရှိရသည်။ ပထမမြန်မာနိုင်ငံတော် (ပုဂံခေတ်)ကို ထူထောင်ခဲ့သော အနော်ရထာမင်းသည်လည်းကောင်း၊ ဒုတိယမြန်မာနိုင်ငံတော် (တောင်ငူခေတ်)ကို စည်းရုံးတည်ဆောက်ခဲ့သော ဘုရင့်နောင်မင်းတရားကြီးသည်လည်းကောင်း၊ တတိယမြန်မာနိုင်ငံတော် (ကုန်းဘောင်ခေတ်)ကို ဖွဲ့စည်းထူထောင်ခဲ့သော အလောင်းမင်းတရားကြီးသည်လည်းကောင်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို မမေ့မလျော့ အခြေခံလျက် အခိုင်အမာ အလေးအနက် ရယူတည်ဆောက်ခဲ့ကြသည့် သာဓကများကို သက်သေပြခဲ့ကြသည်။

ဤသို့သော စုစည်းညီညွတ်မှု စွမ်းအားတို့ကြောင့် မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းထောင်ချီကတည်းက ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့သည်။

သို့ရာတွင် ၁၉ရာစုနောက်ပိုင်း၌ နယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး နိုင်ငံအတွင်းရှိ အဖိုးတန်သယံဇာတများကို အလိုရမ္မက်ငမ်းငမ်းတက်ကာ ကျွန်သက်ရှည်စေရေး အကြံအစည်များဖြင့် တိုင်းရင်းသားတို့ အကြား စည်းလုံးညီညွတ်မှု ပျက်ပြားစေရေးအတွက် တောင်ပေါ်နှင့်ပြည်မ အုပ်ချုပ်မှုစနစ် နှစ်မျိုးခွဲခြားပြီး အုပ်ချုပ်ခဲ့၏။

နယ်ချဲ့ကျူးကျော်စစ်ကို သူ့ကျွန်မခံတွန်းလှန် တိုက်ခိုက်မှုများ (၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ်စသည်များ) အမျိုးဘာသာ၊ သာသနာ လွတ်လပ်ရေးအတွက် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဖတပလ၊ ဖဆပလ၊ ရဲဘော်သုံးကျိပ်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မြန်မာ့တပ်မတော်စသည့် လွတ်လပ်ရေးကြိုးပမ်းမှုအဆင့်ဆင့် (၁၈၈၅မှ ၁၉၄၈ခုနှစ်)တို့တွင် တိုင်းရင်းသားပေါင်းစုံ ပါဝင်တွန်းလှန်တိုက်ခိုက်ခဲ့ကြသည့် သမိုင်းသာဓကမှာ ခိုင်မာလှသည်။

နယ်ချဲ့တို့သည် လွတ်လပ်ရေး မပေးမဖြစ် ပေးရတော့မည်ကို သိရှိသောအခါ ပြည်မကိုသာပေးမည်၊ တောင်တန်းဒေသကိုမူ မပေးဟု ဆိုလာပြန်၏။ ထိုသို့ သပ်လျှိုဖြိုခွဲမှုများ ဖြစ်နေသည့် အချိန်ဝယ် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ စိတ်ရင်းစေတနာကြောင့် နယ်ချဲ့တို့၏ ပယောဂ၊ ထိုးနှက်မှုများခံနေကြရသော တောင်တန်းဒေသများမှာလည်း ပြည်မကြီးနှင့် ပူးတွဲလွတ်လပ်ရေးယူရန် သဘောတူခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ နံနက် ၁၀နာရီတွင် တိုင်းရင်းသားကိုယ်စားလှယ်များသည် ကိုလိုနီလက်အောက်သူ့ကျွန်ဘဝမှ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် အတူမခွဲလက်တွဲနေထိုင်ကြရန် တောင်တန်းဒေသနှင့် ပြည်မစည်းလုံးညီညွတ်ရေး စာချုပ်ကြီးကို လက်မှတ်ရေးထိုးကြပြီး ပင်လုံစာချုပ်(ဝါ)တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်မှု သန္နိဋ္ဌာန်ကို အောင်မြင်စွာ ချမှတ်နိုင်ခဲ့ကြသည်။ ယင်းသို့ ပြည်ထောင်စုတိုင်းရင်းသားတို့၏ ညီညွတ်ခြင်းပြယုဂ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အမွန်အမြတ်ကို ဖော်ထုတ်ခဲ့ကြသည့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို မွန်မြတ်သော **''ပြည်ထောင်စုနေ့''**အဖြစ် မွေးဖွားရှင်သန်စေခဲ့သည်။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပတ်သက်၍ နှစ် (၅၀) ပြည့် ရွှေရတုတပ်မတော်နေ့တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **တပ်မတော်၏ခံယူချက်**ကို အောက်ပါအတိုင်း မိန့်ကြားခဲ့ပါသည်-

''တိုင်းပြည်ရဲ့ နိုင်ငံရေးအင်အားစုတွေဟာ အကွဲကွဲအပြားပြားဖြစ်နေမယ်ဆိုရင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရန်အတွက် အခက်အခဲဖြစ်နေနိုင်တယ်။ ဒီလို မညီမညွတ်ဖြစ်ပြီး တိုက်ခိုက်လာခဲ့ကြလို့လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဟာ အခြားနိုင်ငံတွေနဲ့ယှဉ်လျှင် အများကြီးနောက်ကျကျန်ခဲ့တယ်။ ဆက်ပြီး တိုက်ခိုက်နေမယ်ဆိုရင်လည်း တိုင်းပြည်မှာ လက်ရှိအခြေအနေကနေ တက်မလာတော့ဘဲ ပိုပြီးနစ်မွန်းဖို့သာ ရှိတော့မယ်ဆိုတာ မိမိတို့ နားလည်သဘောပေါက်ခဲ့တယ်။ ဒါကြောင့် တပ်မတော်ဟာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ဖို့ တာဝန်ရှိလာတယ်။''

တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရန် အာမခံနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲရမည်ဖြစ်ကြောင်းနှင့် ယင်းသို့ ရေးဆွဲရာတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အခြေခံမှသာ ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေရရှိမည်ဟု ယုံကြည်ခဲ့ပေသည်။ ယင်းသို့ ယုံကြည်ခဲ့သည်နှင့်အညီ တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီပန်းတိုင်သို့ တက်လှမ်းနိုင်စေမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို အတည်ပြုပေးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အခြေခံ၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့သဖြင့် နယ်စပ်ဒေသအသီးသီး တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုများလည်း သိသိသာသာ တိုးတက်လာခဲ့သည်။ ထို့ပြင် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစေရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသား အဖွဲ့အစည်းများအား နိုင်ငံတော်၏ တရားဝင်လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှုများကိုလည်း စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

နှစ်ပေါင်း လေးဆယ်ကျော်တိုင်တိုင် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုမရှိသဖြင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်း၍ တပ်မတော်အစိုးရလက်ထက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်-

(၁) မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သော ပြည်တွင်းသောင်းကျန်းသူများ၏ဒဏ်ကို ခေတ်အဆက်ဆက် ခံစားခဲ့ကြရသည့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်၊

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များဖြင့် ခေတ်နောက်ကျကျန်ခဲ့သည့် တိုင်းရင်းသားလူမျိုးများအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်၊

(၃) ယခင် ဗကပများ ကြီးစိုးစဉ် ဘိန်းစိုက်ပျိုး၍ မူးယစ်ဆေးဝါးထုတ်လုပ်ရာဒေသများဖြစ်ခဲ့သည့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများအတွက် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်စေပြီး မူးယစ်ဆေးဝါးထုတ်လုပ်မှု လုံးဝချုပ်ငြိမ်းရေးကို ဦးတည်၍ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားစေနိုင်ရန်ဟူသည့် မွန်မြတ်မှန်ကန်သော ရည်ရွယ်ချက်များ ထားရှိဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အဆင့်ဆင့်ကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ၁၉၉၂ခုနှစ် စက်တင်ဘာလ ၂၄ရက်နေ့တွင် **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**ကို သီးခြားဝန်ကြီးဌာနအဖြစ် ဖွဲ့စည်းခဲ့ပြီးနောက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၁၉၉၄ခုနှစ် ဇန်နဝါရီလ ၃၀ရက်နေ့တွင် **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန**အဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြဋ္ဌာန်းသတ်မှတ်ကာ အောက်ပါရည်မှန်းချက်များ ချမှတ်ပြီး လုပ်ငန်းများကို အကောင်အထည်ဖော်လျက် ရှိပါသည်-

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များနှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၂) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်၊

(၃) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊

(၄) စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊

(၅) နယ်စပ်ဒေသ၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ ထိန်းသိမ်းရန်ဖြစ်သည်။

ဖော်ပြပါ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် တိုင်းရင်းသားများ၏ လတ်တလော လိုအပ်ချက်နှင့် ရေရှည်လိုအပ်ချက်များ၊ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစနစ်များ လျင်မြန်စွာ အကျိုးသက်ရောက်မှုရှိစေရန် လမ်းတံတားများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စွမ်းအင်လုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများစသော စီးပွားရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေးစသော လူမှုရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံများနှင့် လယ်ယာ၊ သားငါး၊ စိုက်ပျိုးရေး၊ သစ်တော၊ သတ္တုလုပ်ငန်းစသော စီးပွားရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

မူးယစ်ဆေးဝါး ပပျောက်ရေးနှင့်ပတ်သက်၍ နယ်စပ်ဒေသများ၌ ကိုလိုနီခေတ် အမွေဆိုးအဖြစ် နှစ်ပေါင်း ၁၀၀ကျော် အမြစ်တွယ်လာခဲ့သည့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု ချုပ်ငြိမ်းစေရေးအတွက် နိုင်ငံတော်က

ပြည်ထောင်စုစိတ်ဓာတ်

☆ အရေးကြီးလျှင် သွေးနီးကြပေ
ရေကိုသား၍ အကြားမထင်
ချစ်ခင်ဒို့များ တိုင်းရင်းသားတို့
မခြားတူသည် စည်းလုံးညီစွာ
ခိုင်မာပြသ မြန်မာ့စိတ်ထား
ပင်လုံဖွားသည့် မြန်မာ့အားသည်
ပြည်ထောင်စုစိတ်ဓာတ် လွန်မြင့်မြတ်။

☆ လွတ်လပ်ရေးတွက် အသက်သွေးချွေး
ပေးဆပ်ပြီးကာ ချုပ်ခြာအာဏာ
ပြန်ကာရယူ တူညီလက်တွဲ
အောင်ပွဲများစွာ ဆင်နွှဲလာသည့်
မြန်မာနွယ်ဖွား ညီနောင်များတို့
အင်အားစွမ်းရည် တွဲလက်ညီသည်
ပြည်ထောင်စုစိတ်ဓာတ် လွန်မြင့်မြတ်။

☆ မြန်မာတို့ပြည် တစ်ပြေးညီစွာ
အေးချမ်းသာရန် ရည်သန်ဆန္ဒ
ဒေသဖွံ့ဖြိုး တိုးတက်စေရာ
ပညာ၊ ကျန်းမာ လယ်ယာ၊ သတ္တု
လူမှု၊ ကုန်သွယ် ပြည်နယ်၊ ပြည်မ
မျှတကြစေ နယ်စပ်ဒေသ
လှပသီးပွင့် ပန်းစုံတင့်သည်
ပြည်ထောင်စုစိတ်ဓာတ် လွန်မြင့်မြတ်။

☆ ပြည်ထောင်စု၏ မည်သည့်နေရာ
နေထိုင်ပါစေ မသွေစိတ်ထဲ
ခိုင်မြဲခိုင်ကျည် ရှိရမည်မှာ
တစ်ပြည်ထောင်ဖွား သွေးချင်းများမို့
စိတ်ထားမြင့်မြတ် စိတ်ဓာတ်ခိုင်မာ
မြဲစွာစိတ်ထား ပြည့်အင်အားသည်
ပြည်ထောင်စုစိတ်ဓာတ် လွန်မြင့်မြတ်။ ။

(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဖိုးရန်နိုင် (ကျောက်ကြီး)

ဦးဆောင်လျက် အမျိုးသားရေးတာဝန်တစ်ရပ်
ကိုယ်ပိုင်အရင်းအမြစ်များဖြင့် ကြိုးပမ်းဆောင်
စိုက်ပျိုးမှုစွန့်လွှတ်သော ဒေသခံပြည်သူများ အခြ
ဝင်ငွေရရှိရေးအတွက် ၁၉၉၉-၂၀၀၀ပြည့်နှစ်မှ
ဖော်လာခဲ့ရာ နယ်စပ်ဒေသများ၌ မူးယစ်ဆေ
တဖြည်းဖြည်း လျော့နည်းကျဆင်းလာပြီဖြစ်
လက်ခံအသိအမှတ်ပြုခဲ့ကြသည်။
ထို့ပြင် မူးယစ်ဆေးဝါးပပျောက်ရေး
ပပျောက်ရေး၊ ကာကွယ်တားဆီးနှိမ်နင်းရေးနှင့်
နည်းဗျူဟာသုံးရပ်ဖြင့် ဟန်ချက်ညီညီ ဆောင်
နယ်စပ်ဒေသများတွင်သာမက တစ်နိုင်ငံလုံး မူး
ဆောင်ရွက်နေသည့်နည်းတူ နယ်စပ်ဒေသတစ်ခွ
ရေးအတွက်လည်း ကုလသမဂ္ဂအဖွဲ့အစည်းများ
များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသ
လျက် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံ
ရှိကြရာ ယခုအခါ မူးယစ်ဆေးဝါးစိုက်ပျိုးထု
လျော့နည်းကျဆင်းလာပြီး အချို့သောဒေသမျ
အဖြစ် ကြေညာနိုင်ခဲ့ပြီ ဖြစ်သည်။
ယင်းသို့သော တိုးတက်မှုအောင်ပွဲများ၊
နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွ
ညီအစ်ကိုများ၏ ပြည်ထောင်စုစိတ်ဓာတ် ရှင်သ
ဖြင့် ကြိုးပမ်းခြင်းကြောင့် ပေါ်ထွန်းလာခဲ့သော
ဖြစ်သည်။
ဤသို့ဖြင့် **ပြည်ထောင်စုစိတ်ဓာတ်**သည် နိ
သုံးပါး တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ဖွံ့ဖြ
လွန်စွာ အရေးပါလှပြီး မရှိမဖြစ်လိုအပ်ကြော
များနှင့် မျက်မှောက်ကာလဖြစ်စဉ်များက ဖော်
''ပြည်ထောင်စုစိတ်ဓာတ်ဟူသည်''
အပြည့်အဝဖြင့် ရဲစွမ်းသတ္တိရှိသော စိတ်ဓာတ်
ဝန်တိုမှုကင်းသော စိတ်ဓာတ်၊ မိမိနိုင်ငံ၊ မိမိလူမ
စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းကို ချစ်မြတ်
စောင့်ရှောက်သော စိတ်ဓာတ်၊ တိုင်းရင်းသားညီအ
ဆွေရင်းမျိုးချာကဲ့သို့ နေထိုင်လိုသော မိသား
စောင့်ရှောက်ခြင်း၊ ကူညီရိုင်းပင်းခြင်း၊ စည်းလုံ
လျှင် သွေးနီးခြင်းစိတ်ဓာတ်နှင့် တိုင်းတစ်ပါ
အန်တုတော်လှန်သော စိတ်ဓာတ်တို့ပင်ဖြစ်ကြော
နိုင်ငံသားတစ်ဦးချင်းတွင် ထားရှိရမည့်
ပတ်သက်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှ
ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၆-၁၂-၂၀၀၆ရ
ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ က
နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ထမ်းရွေးချ
ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တို့မှ
အမှာစကားပြောကြားရာတွင် အောက်ပါအတို
ပါသည်-
''စိတ်ဓာတ်ဆိုရာ၌ မိမိလူမျိုး၊ မိမိတိုင်
စိတ်ဓာတ်၊ ပြည်ထောင်စုကြီးကို တွယ်တ
ပြည်ထောင်စုစိတ်ဓာတ်တို့ကို ဆိုလိုခြင်း
နိုင်ငံသားတိုင်းသည် မိမိနိုင်ငံနှင့် မိမိလူမ
မိမိပြည်ထောင်စုကို ကာကွယ်ရမှာ ဖြစ်
ထို့ပြင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထော
စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ရှိရန်လ

တိုင်းရင်းသားစည်းလုံ
အားလုံးက ပြည်ထေ
ဆက်လက်စောင့်ရှောက်
တော်ကြီး ကမ္ဘာနှင့်ရင်
ရေးအတွက် နိုင်ငံတော်
ဆောင်ရွက်လျက်ရှိသော
စေရေးအတွက်လည်း
တပ်မတော်တို့၏ ကျစ်
အရှိန်အဟုန်ပြင်းစွာ (

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ဦးဆောင်လျက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်အရင်းအမြစ်များဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သော ဒေသခံပြည်သူများ အခြားနည်းလမ်းဖြင့် အစားထိုးဝင်ငွေရရှိရေးအတွက် ၁၉၉၉-၂၀၀၀ပြည့်နှစ်မှ စတင်ပြီး အကောင်အထည်ဖော်လာခဲ့ရာ နယ်စပ်ဒေသများ၌ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု တဖြည်းဖြည်း လျော့နည်းကျဆင်းလာပြီဖြစ်ကြောင်း နိုင်ငံတကာကပင် လက်ခံအသိအမှတ်ပြုခဲ့ကြသည်။

ထို့ပြင် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ထုတ်လုပ်မှုပပျောက်ရေး၊ ကာကွယ်တားဆီးနှိမ်နင်းရေးနှင့် သုံးစွဲမှုပပျောက်ရေးဟူသည့် နည်းဗျူဟာသုံးရပ်ဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ရာ ၂၀၁၄ခုနှစ်တွင် နယ်စပ်ဒေသများတွင်သာမက တစ်နိုင်ငံလုံး မူးယစ်ဆေးဝါး ကင်းစင်စေရန် ဆောင်ရွက်နေသည့်နည်းတူ နယ်စပ်ဒေသတစ်ခွင် မူးယစ်ဆေးဝါး ကင်းစင်ရေးအတွက်လည်း ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် ပူးပေါင်းလျက် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိကြရာ ယခုအခါ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုများ သိသိသာသာ လျော့နည်းကျဆင်းလာပြီး အချို့သောဒေသများတွင် ဘိန်းကင်းမဲ့ဇုန်များ အဖြစ် ကြေညာနိုင်ခဲ့ပြီ ဖြစ်သည်။

ယင်းသို့သော တိုးတက်မှုအောင်ပွဲများ၊ အခြေခံကောင်းများသည် နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့် တိုင်းရင်းသားညီအစ်ကိုများ၏ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်မှု စွမ်းပကားဖြင့် ကြိုးပမ်းခြင်းကြောင့် ပေါ်ထွန်းလာခဲ့သော အသီးအပွင့်ရလဒ်များပင် ဖြစ်သည်။

ဤသို့ဖြင့် **ပြည်ထောင်စုစိတ်ဓာတ်**သည် နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါး တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လွန်စွာ အရေးပါလှပြီး မရှိမဖြစ်လိုအပ်ကြောင်း အတိတ်သမိုင်းဖြစ်ရပ်များနှင့် မျက်မှောက်ကာလဖြစ်စဉ်များက ဖော်ညွှန်းပြဆိုလျက်ရှိနေပေပြီ။

"ပြည်ထောင်စုစိတ်ဓာတ်ဟူသည်" အမျိုးသားရေးအသိအမြင် အပြည့်အဝဖြင့် ရဲစွမ်းသတ္တိရှိသော စိတ်ဓာတ်၊ ဣဿာမစ္ဆရိယ မနာလိုဝန်တိုမှုကင်းသော စိတ်ဓာတ်၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းကို ချစ်မြတ်နိုး၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သော စိတ်ဓာတ်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ ဆွေရင်းမျိုးချာကဲ့သို့ နေထိုင်လိုသော မိသားစုစိတ်ဓာတ်၊ အချင်းချင်း စောင့်ရှောက်ခြင်း၊ ကူညီရိုင်းပင်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ အရေးကြီးလျှင် သွေးနီးခြင်းစိတ်ဓာတ်နှင့် တိုင်းတစ်ပါး၏ ရိုးရာယဉ်ကျေးမှုကို အန်တုတော်လှန်သော စိတ်ဓာတ်တို့ပင်ဖြစ်ကြောင်း နားလည်သိရှိရပါသည်။

နိုင်ငံသားတစ်ဦးချင်းတွင် ထားရှိရမည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် ပတ်သက်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၆-၁၂-၂၀၀၆ရက်နေ့၌ ပြင်ဦးလွင်မြို့တွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား အမှာစကားပြောကြားရာတွင် အောက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ပါသည်-

> **"စိတ်ဓာတ်ဆိုရာ၌ မိမိလူမျိုး၊ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်၊ ပြည်ထောင်စုကြီးကို တွယ်တာမြတ်နိုးသည့် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို ဆိုလိုခြင်းဖြစ်ကြောင်း။**
>
> **နိုင်ငံသားတိုင်းသည် မိမိနိုင်ငံနှင့် မိမိလူမျိုးကို ချစ်ရမှာဖြစ်သကဲ့သို့ မိမိပြည်ထောင်စုကို ကာကွယ်ရမှာ ဖြစ်ကြောင်း။**
>
> **ထို့ပြင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထားရှိရာ၌ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ရှိရန်လည်း လိုကြောင်း။**
>
> **မိမိအသက်၊ မိမိစည်းစိမ်၊ မိမိဘဝကို နိုင်ငံတော်အတွက် ပေးဆပ်ရဲသော စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်မျိုးဖြစ်ကြောင်း၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်နှင့် ပေါင်းစပ်မှသာ အနှစ်သာရရှိသည့် မျိုးချစ်စိတ်ဓာတ်အဖြစ် တည်ဆောက်နိုင်မှာဖြစ်ကြောင်း။"**

အဆိုပါ **ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှုနှင့် ရှင်သန်ထက်မြက်မှုစွမ်းအားတို့၏** အရေးပါပုံနှင့်စပ်လျဉ်း၍လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား သင်တန်းသူများ ဂါရဝပြုပွဲ၌ မြွက်ကြားသည့် ဩဝါဒစကားတွင် **"ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကို ပိုမိုတောင့်တင်းခိုင်ခံ့အောင်၊ ပိုမိုခိုင်မြဲအောင် တည်ဆောက်ပေးကြရမှာဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှသာ မိမိတို့ပြည်ထောင်စုကြီး၏ နယ်နိမိတ်သည် အမြဲတမ်းတည်တံ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း အစဉ်ထာဝရ တည်မြဲနေမှာဖြစ်သည်"** ဟုလည်းကောင်း၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ပေးပို့သော သဝဏ်လွှာ၌ **"တိုင်းရင်းသားလူမျိုးအားလုံး လွှမ်းခြုံလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်မှုစွမ်းအားတို့အပေါ်၌ လုံးဝဥဿုံ တည်မှီလျက်ရှိသည်"** ဟုလည်းကောင်း အသီးသီး ထည့်သွင်းမိန့်ကြား လမ်းညွှန်ခဲ့သည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အား ဩဇာလွှမ်းမိုးခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့က တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားစေရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ ပြန်လည်ပေါ်ပေါက်စေရေးတို့အတွက် လူမျိုးရေးသွေးခွဲသပ်လျှိုမှုများ လုပ်ဆောင်နေပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် နှောင့်နှေးကြန့်ကြာစေရန် စီးပွားရေးပိတ်ဆို့ဟန့်တားမှုများနှင့် နိုင်ငံရေးအရ လှုံ့ဆော်သွေးထိုးစွက်ဖက်နှောင့်ယှက်မှုများ လုပ်ဆောင်လျက်ရှိကြသည်ကို အမျိုးသားရေးသတိရှိကြရန် လိုအပ်သကဲ့သို့ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော တိုင်းရင်းသားပြည်သူများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးလမ်းကြောင်းတစ်လျှောက် တည့်မတ်ဖြောင့်ဖြူးစွာ လျှောက်လှမ်းကြရန်လည်း အရေးကြီးလှပါသည်။

ထိုနည်းတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် မကြုံစဖူး ထူးကဲစွာ ရရှိပြီးဖြစ်သော တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို နိုင်ငံသူ နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ဆက်လက်စောင့်ရှောက် ထိန်းသိမ်းကြရမည်ဖြစ်ပြီး နိုင်ငံတော်ကြီး ကမ္ဘာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီးပွားရေးစီမံကိန်းများ အောင်မြင်စေရေးအတွက်လည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ကျစ်လျစ်ခိုင်မာသော စုစည်းမှုတို့ဖြင့် အရှိန်အဟုန်ပြင်းစွာ ကြိုးပမ်းကြရမည်သာဖြစ်သည်။

သို့ဖြစ်ရာ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ရှင်သန်ခိုင်မာစေရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ၂၀၁၀ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို ပင်လုံသန္နိဋ္ဌာန်အဖြစ်ချမှတ်ကာ ပြည်ထောင်စုကြီး၏ အလှတရားကို ထာဝရခြယ်သသွားနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့
ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ် တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို နိုင်ငံသူ နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ဆက်လက်စောင့်ရှောက် ထိန်းသိမ်းကြရမည်ဖြစ်ပြီး နိုင်ငံတော်ကြီး ကမ္ဘာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီးပွားရေးစီမံကိန်းများ အောင်မြင်စေရေးအတွက်လည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ကျစ်လျစ်ခိုင်မာသော စုစည်းမှုတို့ဖြင့် အရှိန်အဟုန်ပြင်းစွာ ကြိုးပမ်းကြရမည်သာဖြစ်။



ဆက်သွယ်မှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

အစိုးရဌာနများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ၏ Online ဆက်သွယ်မှုစနစ်တွင် သက်သေခံလက်မှတ် အသုံးပြုခြင်းဆိုင်ရာ အချက်အလက်များနှင့် FTTH လုပ်ငန်းဆိုင်ရာများ သရုပ်ပြရှင်းလင်းခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင့်လွင်က အကောင်အထည်ဖော် ဆောင်ရွက်မည့် နည်းပညာဆိုင်ရာများကို လည်းကောင်း၊ မြန်မာအင်ဖိုတက်ခ် ကော်ပိုရေးရှင်းလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်မြင့်က Root CA နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်မှ (Certification Authority-CA)တာဝန်ခံ ဒေါ်နီလာအေးက CA နှင့် စပ်လျဉ်း၍ လည်းကောင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန အင်ဂျင်နီယာချုပ် ဦးဇော်မင်းဦးက Yatanarpon Web Portal နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရတနာပုံ တယ်လီပို့ ကုမ္ပဏီလီမိတက်မှ (FTTH)ဝန်ဆောင်မှု တာဝန်ခံဦးမြင့်ဦးက Fiber to the Home System နှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့်တက်ရောက်လာကြသူများက CA Web Portal နှင့် FTTH လုပ်ငန်းများနှင့်စပ်လျဉ်း၍ သရုပ်ပြ ရှင်းလင်းမှုများကို ကြည့်ရှုလေ့လာကြရာ**(ယာပုံ)** သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ကကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း အလုပ်အမှုဆောင်များဖြစ်ကြသော ဦးရဲကျော်သိန်း(Compu Tech Computer Co.,Ltd.)နှင့် ဦးအောင်ဇော်မြင့် (M.S.T Computer Center) တို့က Essential Networking Technology & Network Professionals Trend ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီမှ ညနေ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ Conference Hall ၌ ရှင်းလင်း ဟောပြောကြမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ယင်းဆွေးနွေးဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ကြပြီး အသေးစိတ် သိရှိလိုပါက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အဆောက်အအုံရှိ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင် အသင်းရုံးခန်း အဆောင် (၄) အခန်း (၄) ဖုန်း-၆၅၂၂၇၆သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာစာကြည့်တိုက်ပန္နက်တင်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာကို ဖေဖော်ဝါရီ ၄ရက် နံနက် ၇နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာ အသီးသီးတွင် မင်္ဂလာပန္နက် ရိုက်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စု စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)



ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၂)ရပ်ကွက် နှင်းဆီလမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဇော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော်တပ်ကုန်း အောင်ဇေယျရပ်ကွက် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၈ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းက တစ်နှစ်ပတ်လုံး ကျောင်းတက်မှန်ဆုရ ဆရာမ ဒေါ်စန်းစန်းဝင်းအား ဆုချီးမြှင့်စဉ်။ (ဝ၉၁)

ကျေးလက်ရေရရှိရေး နောင်ချိုတွင်ဆောင်ရွက်

နောင်ချို ဖေဖော်ဝါရီ ၉

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးခဲ့သည့် နောင်ချိုမြို့နယ် မျက်ချင်းနုကျေးရွာ နှစ်လက်မ ပီဗွီစီပိုက်ပေ ၁၂၆၀ သွယ်တန်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့ ကွင်းဆင်းကြီးကြပ်ရာ အငယ်တန်းအင်ဂျင်နီယာ ဦးခိုင်မင်းထွန်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းမျက်ချင်းနုကျေးရွာ ရေရရှိရေးအတွက် အဖွဲ့ရန်ပုံငွေကျပ် ၁၂၂၅၈၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာပြည်သူများသန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး၊ အမှုဆောင်များတင်မြှောက်

တောင်ငူ ဖေဖော်ဝါရီ ၉

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နံနက်က တောင်ငူမြို့ တိုင်းအစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးတင်စိုး(ဖိုးမောင်)က ဆောင်ရွက်ပြီး သဘာပတိမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးကျော်လှ(သတင်းစာဆရာ)က အဖွင့်အမှာစကားပြောကြားသည်။

(အောက်ပုံ)

အတည်ပြု

အခမ်းအနားအစီအစဉ်အရ အဖွဲ့၏နှစ်ပတ်လည်အစီရင်ခံစာကို အဖွဲ့အတွင်းရေးမှူး ဦးမြသိန်း (တောင်ငူ-အောင်ထူး) ကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးယုလွင်(မောင်ကြေးစည်-ကေတုမတီ)ကလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြပြီး အတည်ပြုချက်ရယူသည်။

ရွေးချယ်

ဆက်လက်၍ အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌအဖြစ် ဦးပွင့်သူအောင် (တက္ကသိုလ်-ပွင့်သူအောင်)၊ အတွင်းရေးမှူးအဖြစ် ဦးအေးရွှေ (အေးရွှေ-ကေတုမတီ)၊ အမှုဆောင်များအဖြစ် ဦးမြသိန်း(တောင်ငူ-အောင်ထူး)၊ ဦးဇော်လင်း(မောင်မောင်လင်း-ကေတုမြေ)နှင့် ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌဦးပွင့်သူအောင် (တက္ကသိုလ်-ပွင့်သူအောင်)တို့အား ရွေးချယ်တင်မြှောက်ကြသည်။ (ဝ၄၇)

ဇန်နဝါရီလအတွင်း မီးလောင်မှု ၈၉ ကြိမ်ဖြစ်ပွားခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၁၀ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု ၈၉ကြိမ် ဖြစ်ပွားခဲ့ပြီး မီးဖိုမီး/ ပေါ့ဆမီး ၆၅ကြိမ်၊ အလိုအလျောက်မီး တစ်ကြိမ်၊ လျှပ်စစ်မီး ၁၁ကြိမ်၊ မသမာသူ ရှို့မီး ၁၁ကြိမ်နှင့် တောမီးတစ်ကြိမ်တို့ ပါဝင်ကာ အိမ်ခြေ အဆောက်အအုံ အလုံး၁၃၀ မီးလောင်ဆုံးရှုံးခဲ့သည်။

စိစစ်တွေ့ရှိ

မီးလောင်မှု ၈၉ကြိမ်တွင် မီးဖိုမီးအပါအဝင် ပေါ့ဆမီး ၆၅ကြိမ် ပါဝင်သဖြင့် မီးကို မဆင်မခြင်ပေါ့ဆစွာ သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၇၀ဒသမ ၀၃ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရသည်။ မီးလောင်မှုအကြိမ်များကို ပြည်နယ်၊ တိုင်းအလိုက် ဆန်းစစ်ကြည့်ရာ ရန်ကုန်တိုင်း၌ အကြိမ်အများဆုံး၊ ဧရာဝတီတိုင်း၌ ဒုတိယအများဆုံးနှင့် မန္တလေးတိုင်း၌ တတိယ အများဆုံးဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူများလိုက်နာဆောင်ရွက်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေအကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုစစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုများဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။

အလေးထားဆောင်ရွက်

ယခုအခါ ကျေးရွာများတွင်လည်း မီးလောင်မှု လျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မှုများ ပိုမိုများပြားလာနိုင်သည့်အတွက် မီးဘေးလုံခြုံရေးစီမံချက်အတိုင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၀-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၅ ၇။ **အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မေးမြန်းစူးစမ်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင်
၅း၂၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၉။ ကျန်းမာသုတ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ Mail Box
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၁၁)
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** (အပိုင်း-၁၉)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ အိုင်စီတီသုတ
၂၁။ ရယ်ရွှင်စရာဟာသပဒေသာ **ဗီရိုကြီးနဲ့ ချစ်ဒုက္ခ** လျှမ်းပြည့်၊ ဧရာ၊ ဖိုးကျော်၊ အံ့မင်းညို၊ စိုပြေ၊ လင်းဇာနည်ဇော်၊ အေးသီတာ (ဒါရိုက်တာ-မောင်ပြည့်ဝ-ပန်းဝေသီ)
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၃၀)

ပုသိမ်-ရန်ကုန်ခရီးသည်တင်ယာဉ် ချောက်ထဲထိုးကျ သုံးဦးသေဆုံး၊ ခရီးသည်၁၁ဦး ဒဏ်ရာရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၉

ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ခရီးသည် ၅၆ဦး တင်ဆောင်ထွက်ခွာလာသော ယာဉ်မောင်း ဦးချာလီ မောင်းနှင်လာသည့် မှန်လုံခရီးသည်တင်ယာဉ် ၄ခ/ ၇၀၇၄သည် ဖေဖော်ဝါရီ ၈ရက် နံနက် ၁၀နာရီက မိုင်တိုင် ၂၃/၃ ကျောင်းကုန်းမြို့နယ် ဒါးကတံတားကုန်းအဆင်းတွင် ဝဲဘက်ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်မှလာသော ဆိုင်ကယ်အား ဝင်တိုက်မိပြီး ဝဲဘက်ရှိ ၁၅ပေအနက် ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည်တင်ယာဉ်မှ အကူယာဉ်မောင်း ဇော်ဝေ၊ စပယ်ယာမောင်ဇော်နှင့် ဆိုင်ကယ်မောင်းနှင်သူ ငါးသိုင်းချောင်းမြို့နေ ဦးရဲမြင့်တို့ သုံးဦးမှာ ပွဲချင်းပြီးသေဆုံးသွားပြီး ခရီးသည် ၁၁ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ရဲစခန်းမှ (ပ) ၅-၂၀၁၀၊ပြစ်မှု ပုဒ်မ-၃၀၄/ကဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၅၇)

ဒါသင့်နိုင်ငံ မီးဘေးရန်မှ အမြန်ကင်းပါစေ

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သီပေါတံတားတည်ဆောက်မှုနှင့် ပွန်တွန်းတံတားကြံ့ခိုင်မှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဖေဖော်ဝါရီ ၈ရက် နံနက် ၉နာရီတွင် မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်း မိုင်တိုင်အမှတ်(၁၃၀/၁)ရှိ အေးရှားဝေါလ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသည့် သီပေါတံတား တည်ဆောက်ရေး လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ခံအင်ဂျင်နီယာက သီပေါတံတား တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က တံတားလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် မှာကြားကြပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထိုမှတစ်ဆင့် ပွန်တွန်းတံတားသို့ ရောက်ရှိကြပြီး ဝန်လေးကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုနှင့် ပွန်တွန်းတံတား၏ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား တံတားသစ်မပြီးမီ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ပွန်တွန်းတံတား၏ ကြံ့ခိုင်မှုကို အမြဲမပြတ် စစ်ဆေးကြရန် မှာကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိဘများဖြစ်သော ရှင်မေဃ (ဦးထွန်းမွေး)၊ ဒေါ်စိန်(စစ်ကိုင်း)နှင့် ဦးကံအေး၊ ဒေါ်သိန်းခ(ဟသ်ာတ)တို့အား ရည်စူး၍ ဗိုလ်ချုပ်လမ်း ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာစိန်တင် (ညွှန်ချုပ်-ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့) ဒေါ်ညွန့်ညွန့်ရွှေမိသားစုက ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။

(သတင်းစဉ်)

ဒုတိယအကြိမ် ဓာတ်ခွဲစစ်ဆေးသူ (ပ)တန်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၉

ဒုတိယအကြိမ် ဓာတ်ခွဲစစ်ဆေးသူ (ပ)တန်း (၁၉၈၇-၁၉၉၁) အမှတ်စဉ် ၂၇ ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပမည်ဖြစ်သည်။ မြတ်ဆရာ ပူဇော်ပွဲတွင် ကျောင်းသား ကျောင်းသူဟောင်းများ ပါဝင်ဆင်နွှဲနိုင်ပြီး ဦးစိုးလွင်ဦး ဖုန်း-၀၁-၂၅၆၁၁၂၊(Ex) ၈၉၃(ရန်ကုန်)၊ ဦးစိုးနိုင် ဖုန်း-၀၉-၈၅-၅၀၁၀၈(ပုသိမ်)၊ ဦးဒူးကြဲ ဖုန်း-၀၉-၅၂-၃၂၅၃၁(ရှမ်း/မြောက်)၊ ဦးစောရှိန်ဝင်း ဖုန်း-၀၉-၅၆-၆၀၉၃၂ (ဘားအံ)၊ ဦးမြင့်လွင် ဖုန်း-၀၉-၅၂-၈၀၃၆၀(မြင်းခြံ)၊ ဒေါ်ဘီစန္ဒီ ဖုန်း-၀၈၄-၅၂၂၉၃(ရှမ်း/တောင်)၊ ဒေါ်အေးမြင့် ဖုန်း-၀၉-၈၅-၇၂၂၇၂(ဧရာဝတီ)၊ ဒေါ်သူဇာတင် ဖုန်း-၀၉-၈၅-၇၂၁၆၂(ဟသ်ာတ)၊ ဦးစိုးဝင်း ဖုန်း-၀၅၉-၃၀၂၁၃(တနင်္သာရီ) နှင့် ဦးကျော်မြင့် ဖုန်း-၀၂-၃၆၇၁၀ (မန္တလေး)တို့သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အထက်ပိုင်းဒေသများ၌ ညအပူချိန်တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၉

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်အထိ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၁၀ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

အီဂျစ်အာရပ်သမ္မတနိုင်ငံနှင့် ဆူဒန်သမ္မတနိုင်ငံတို့မှ ဒုတိယဝန်ကြီး ဦးမောင်မြင့် ပြန်လည်ရောက်ရှိ

နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲတက်ရောက်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂ရက်နှင့် ၃ရက်တို့တွင် အီဂျစ်အာရပ် သမ္မတနိုင်ငံ ကိုင်ရိုမြို့၌ ကျင်းပသည့် တတိယအကြိမ် မြန်မာ-အီဂျစ် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၅ရက်မှ ၇ရက်အထိ ဆူဒန်သမ္မတနိုင်ငံ ခါတွန်မြို့၌ ကျင်းပသည့် ပထမအကြိမ် မြန်မာ-ဆူဒန် နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲသို့လည်းကောင်း တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

မြန်မာ-အီဂျစ် နိုင်ငံခြားရေးဝန်ကြီး ဌာနများအကြား ကျင်းပသည့် တတိယ အကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ရက်တွင် အီဂျစ်အာရပ်သမ္မတနိုင်ငံ ကိုင်ရိုမြို့ရှိ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ**(အပေါ်ပုံ)** နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့နှင့် အီဂျစ်အာရပ် သမ္မတ နိုင်ငံ အာရှရေးရာ လက်ထောက်နိုင်ငံခြား ရေးဝန်ကြီး H.E.Ahmed Fatahllah ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါ ဆွေးနွေးပွဲတွင် ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် ပညာရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနှင့် ခရီးသွားလာရေး လုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ကုလသမဂ္ဂနှင့် ဘက်မလိုက်လှုပ်ရှားမှု အပါအဝင် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၌ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် အီဂျစ်အာရပ် သမ္မတနိုင်ငံ အာရှရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီးက မြန်မာကိုယ်စား လှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အမြင်ချင်းဖလှယ်

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၃ရက်တွင် အီဂျစ်အာရပ်သမ္မတနိုင်ငံ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းဝန်ကြီး H.E.Mr. Moharmed Zoheir Garranah အား ၎င်း၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ ခရီးသွား လုပ်ငန်းမြှင့်တင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေး၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပထမအကြိမ် မြန်မာ-ဆူဒန် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်ရန် ဖေဖော်ဝါရီ ၄ရက်တွင် ဆူဒန်သမ္မတနိုင်ငံ ခါတွန်မြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိမ်ရာအဆောက်အအုံပြပွဲ -၂၀၁၀တွင် ပြခန်းခင်းကျင်းမှု အလှဆုံးဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ ကျင်းပသော Housing & Building 2010 ပြပွဲတွင် ဝင်ရောက်ပြသခဲ့သော (Member of Naing Group) Champion Construction Materials Co.,Ltd. ပြခန်းသည် ပြခန်းခင်းကျင်းမှု အလှဆုံး ဂုဏ်ပြုဆုရရှိခဲ့ရာ IEMS-MD ဦးသက် လွင်ရွှေက ဂုဏ်ပြုဆုကို Deputy General Manager ဒေါ်မူမူဆန်းအား ပေးအပ်သည်။ **(အပေါ်ပုံ)**

Champion ပြခန်းကို Naing Group ၏ Myanmar New Generation Design က ရေးဆွဲပေးခဲ့ပြီး Champion ဝန်ထမ်းများက ပြခန်းကို အကောင်းဆုံး ကြိုးစားဖန်တီး ပုံဖော်ပေးခဲ့ကြသည်။

ပြပွဲတွင် Champion ၏ ထူးခြားချက်မှာ ပစ္စည်းရောင်းချရေးကို ဦးစားမပေးဘဲ နိုင်ငံခြားမှ တင်သွင်းသည့် ဈေးနှုန်းချိုသာသော အရည်အသွေးမြင့် Champion Product အသစ်များအကြောင်းကို ပြည်သူတို့ ကောင်းစွာနားလည်သဘောပေါက်စေရေးကို အဓိကထားခဲ့ကြောင်း။

ပြပွဲတွင် မလေးရှားနိုင်ငံထုတ် White Horse ကြွေပြားနှင့် ကျောက်ပြား၊ စင်ကာပူနိုင်ငံမှ Toilet & Basin, Tap Ware, Steel Security Doors & Stainless Steel Doors Elevator၊ ထိုင်းနိုင်ငံထုတ် Steel Tank၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံထုတ် ABS & PVC -Doors များကို ၁၇ရာခိုင်နှုန်းမှ ၃၆ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးများအပြင် အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

Champion ပစ္စည်းများကို Show Room(1) ရန်ကင်းမြို့နယ် မိုးကောင်းလမ်း အမှတ်(၂) စကားဝါအိမ်ရာ ဖုန်း-၄၀၀၅၆၃၊ ၄၀၀၅၆၄၊ ၄၀၀၅၆၅၊ Show Room(2) အမှတ် ၄၀၈ သိမ်ဖြူလမ်း ဖုန်း-၂၀၀၂၉၀၊ မန္တလေးဆိုင်ခွဲ အမှတ်(၃၃) ၇၈လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၃၄၈၈၊ ၀၉-၅၀-၄၂၅၈၃နှင့် နေပြည်တော်ဆိုင်ခွဲ အမှတ်(၁/၆၈) ဗိုလ်တောက်ထိန်လမ်း မင်္ဂလာရပ်ကွက် နေပြည်တော် ပျဉ်းမနား ဖုန်း-၀၆၇-၂၁၄၅၄တို့၌ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ညောင်တုန်းမြို့နယ် ကျောင်းသား ကျောင်းသူဟောင်းများ

စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပ

ညောင်တုန်း ဖေဖော်ဝါရီ ၉

ညောင်တုန်းမြို့နယ် ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ညောင်တုန်းမြို့ အထက(၁) လှိုင်ပညာခန်းမ၌ ဇန်နဝါရီ ၂၃ရက်က ကျင်းပရာ အထက၊ အလက(၁)၊ အလက(၂)နှင့် ယခုအထက(၁)၊ အထက(၂)၊ မြို့မအလကတို့တွင် တာဝန်ထမ်းဆောင်ပြီး သက်ပြည့် အငြိမ်းစားယူခဲ့ကြသော အပူဇော်ခံ ဆရာ ဆရာမ ၁၅၃ဦးအနက် ၁၃၀က အပူဇော်ကန်တော့ခံကြသည်။

ပူဇော်ကန်တော့

အခမ်းအနားမှူးအဖြစ် မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးဖုန်းသက်လင်းက ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူဟောင်းများက မြတ်ဆရာ တေးသီချင်းဖြင့် ပူဇော်ကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး အပူဇော်ခံ ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြသည်။**(အောက်ဝဲပုံ)**

ထို့နောက် အပူဇော်ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးလှအေး၊ ဆရာကြီး ဦးစိန်ဟန်၊ ဆရာကြီး ဦးသောင်းညွန့်၊ ဆရာမကြီး ဒေါ်ညွန့်ညွန့်နှင့် ဆရာ ဦးဖုန်းမြင့်တို့က ဩဝါဒစကား ပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြတ်ဆရာပူဇော်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးတင်ဦးက မြတ်ဆရာပူဇော်ပွဲကျင်းပရေး ဆောင်ရွက်ချက်များနှင့် ကျေးဇူးတင်စကားပြောကြားပြီး ဘဏ္ဍာရေးကော်မတီမှ ဦးတင်လှိုင်က ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြကာ ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ဦးမြင့်ဆွေက အမှတ်တရစကား ပြောကြားသည်။

အသက် (၆၀)မှ (၆၉)နှစ် အကန်တော့ခံ ဆရာ ဆရာမကြီးများအားငွေကျပ် လေးသောင်းစီ၊ အသက် (၇၀) မှ (၇၉) နှစ်အထိ ဆရာ ဆရာမကြီးများအား ငွေကျပ် ခြောက်သောင်းစီနှင့် အသက် (၈၀)နှင့် အထက် ဆရာ ဆရာမကြီးများအား ငွေကျပ် တစ်သိန်းစီနှင့် အမှတ်တရပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ (၁၅၂)

မွေးနေ့မင်္ဂလာ ဆုပဏ္ဏာ

မောင်စွမ်းရဲထက် (Grade-3C၊ အထက-၂၊ ကမာရွတ်)၏ အသက်(၈)နှစ်ပြည့်

မမြတ်မနောဖြူ၏ အသက်(၃)နှစ်ပြည့်

- ဆုပဏ္ဏာ- ပြည့်ပါကြ-"အမိ"သာမက- "ဖ"ထက်သာ
  အတိဇာတ-မြခက်နှစ်ဖြာ- ဘဝတစ်သက်တာစံစား
  ပြည့်၊ ငြိမ်း၊ တင့်-သက်မွေးလွယ်စေ-ရတက်မအေးဖွယ်-ဝေးကရှောင်ရှား
- လူလေးမျိုး- စိတ်သဟာမှာ- ထိပ်အလွှာဖြစ်ရေး
  အဘိဇ္ဈာစစ်ဆေးလို့- ချစ်တေးကိုဆိုပါ
  လူအထက်တန်း- စိတ်အထက်တန်း- မိတ်ဖက်မြန်းပါ
- စိတ်ထက်စွမ်း- သူတော်စင်တွေ- ပူမြော်မြင်- ချွေစကားမို့
  သွေမခြား-ကြိုးစားပါ-အောင်မြင်ရာသာ
  လူ့ဘဝဖြတ်အလာမှာ- မြတ်အလွှာရစေတော့လေး။

ဘွားဘွားကြီး	- ဒေါ်တင်အုန်း(အင်/ယာမှူး-တာဝန်-ငြိမ်း၊ ဆောက်လုပ်ရေး)
ဘိုးဘိုး	- ဗိုလ်ကြီးအောင်ဝင်း(ငြိမ်း)မန်နေဂျာ (M.E.C)-ဘွားဘွား-ဒေါ်စန်းလှဲ့ရွှေ
ဖေကြီး	- ဗိုလ်မှူးလေးမြတ်(ငြိမ်း)(ထွေ/ဂျာ ပါရမီTaxi လုပ်ငန်း)-မေကြီး-ဒေါ်ဖြူဖြူအောင်
တီတီလေး	- ဒေါ်လှိုင်သီရိ(ကထိက/ဌာနမှူး- တာဝန်-ရေကြောင်းတက္ကသိုလ်)
ဦးဦး	- ဗိုလ်ကြီးမျိုးမြင့်အောင်-ဒေါ်ဇင်မာဝေ-ညီ/ကိုကို-မောင်ရှင်းသန့်အောင်
ဦးငယ်	- ဗိုလ်ကြီးစည်သူအောင်။

ဟသ်ာတအသင်းတိုက် အဆောက်အအုံသစ်ဖွင့်လှစ်ပွဲ ဖိတ်ကြားလွှာ

ဟသ်ာတအသင်းတိုက် သုံးထပ် အဆောက်အအုံသစ် ဖွင့်လှစ်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ဟသ်ာတမြို့နယ်သူ မြို့နယ်သားများ၊ အသင်းသူအသင်းသားများ၊ အလှူရှင်များ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်၊(တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၀နာရီ
နေရာ - ဟသ်ာတအသင်းတိုက်
အမှတ်(၁၈၄-၁၈၆)၊
၄၅လမ်း၊ အထက်ဘလောက်၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၂၀၁၁၁၄

အမှုဆောင်အဖွဲ့
ဟသ်ာတအသင်း။

မွေးနေ့ဆုမွန်လွှာ

၁၀-၂-၂၀၁၀ရက်တွင် ကျရောက်သည့် တစ်ဦးတည်းသောသား မောင်ဇမ္ဗူကျော်လှိုင် (အထက-၂)ဗဟန်း၏ (၁၂)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ပါး အစဉ်ထာဝရ ကျန်းမာ၊ ချမ်းသာ လိမ္မာရေးခြားရှိပြီး ပညာရေးမှာလည်း ထူးချွန်ပြောင်မြောက်သောသားကောင်းရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်-

မားမား-ဒေါ်တင်ပပလင်း
(ပြုံးပြုံးလေး ရန်ကုန်-ပခုက္ကူ ခရီးသွားလုပ်ငန်း)။

နီလာ အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ၊ မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၁၁)ညအိပ် ၁၂ရက်-ဗုဒ္ဓဂယာ+သံဝေဇနိယလေးဌာန (ဖွား+ပွင့်+ဟော+စံ) ကျပ်ကိုးသိန်း စရိတ်ငြိမ်း (India Air Line)
(၁၄)ညအိပ် ၁၅ရက်-သံဝေဇနိယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ (3 Stars Hotel)+(တပ်ချ်မဟာ+ဝင်ကြေး)ကျပ်၁၀သိန်း စရိတ်ငြိမ်း
(၁၇)ညအိပ် ၁၈ရက်- သံဝေဇနိယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ (3 Stars Hotel) +(တပ်ချ်မဟာ+ဝင်ကြေး)+ကိုလ်ကတ္တား (Shopping+ဗဟုသုတရစရာနေရာများ)ကျပ် ၁၀ သိန်းငါးသောင်း စရိတ်ငြိမ်း (India Air Line) နိုင်ငံကူးလက်မှတ်မရှိသူများ အနည်းဆုံး ၃၅ရက် ကြိုတင်ပြုလုပ်ရမည်ဖြစ်ပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့်နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေကျပ်တစ်သိန်းသာပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ(လုံးဝ)မဆုံးရှုံးပါ။

နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ အထူးဈေးနှုန်း

(၁၂-၂-၂၀၁၀)ရက် (၁၈)ရက်ခရီး စရိတ်ငြိမ်း ကျပ်၁၀သိန်း

(၂၆-၂-၂၀၁၀)ရက် (၁၈)ရက် ခရီးစရိတ်ငြိမ်း ကျပ် ၁၀သိန်း

၂၇-၂-၂၀၁၀ရက် (၁၅)ရက်ခရီး စရိတ်ငြိမ်းကျပ် ၉.၅ သိန်း (၁၂)ရက်ခရီး စရိတ်ငြိမ်းကျပ်၈သိန်း

ထိုင်းနိုင်ငံဗန်ကောက်ခရီးစဉ် (၁၀-၄-၂၀၁၀)ရက် (၄)ညအိပ်(၅)ရက်ခရီး ကျပ် ၇.၅ သိန်း စရိတ်ငြိမ်း

ပတ်စ်ပို့(လေယာဉ်လက်မှတ်သွားပြန်+ဗီဇာ+နိုတြီစာရွက်စာတမ်းကြေး+တည်းခိုစရိတ်+စားစရိတ်၊ဝင်ကြေး၊ဝန်ဆောင်မှုတွင် စရိတ်ငြိမ်းပါဝင်ပြီးဖြစ်သည်။

ဖေဖော်ဝါရီ ၁၀ရက်မှ ဖေဖော်ဝါရီ ၂၈ရက်အတွင်း ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်နှင့် ဘန်ကောက်ခရီးစဉ်တွင် စရန်ငွေကျပ်တစ်သိန်းပေးသွင်း၍မည်သည့်ခရီးစဉ်တွင်မဆိုလိုက်ပါမည့် ဘုရားဖူးသူတော်စဉ်များအား ငွေကျပ် ၂၀၀၀၀တိတိလျှော့ပေးမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အတာတန်ခူး၊ ကုသိုလ်ထူးအစီအစဉ်-၁၂-၄-၂၀၁၀ရက်(၁၂)ရက်နှင့် (၁၈)ရက်ခရီးတွင်လိုက်ပါမည့် ဘုရားဖူးသူတော်စင်များကို ဗုဒ္ဓဂယာမြေမြတ်မဟာ၌ သိင်္ကန်းထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်နှင့် သိမ်ဆွမ်းလောင်းလှူကြမည့်အစီအစဉ်များကို နီလာဘုရားဖူးအဖွဲ့မှ ကုသိုလ်ယူ ဒါနပြုစီစဉ်ပေးမည်ဖြစ်ပါ၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပေးအပ်ပါသည်။

ကဆုန်ညောင်ရေသွန်းပွဲ- ၂၆-၄-၂၀၁၀ရက် ခုနစ်ညအိပ် (၈) ရက်ခရီးစဉ်အထူးဈေးနှုန်း ကျပ်ခုနစ်သိန်းငါးသောင်း၊ ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) ဗုဒ္ဓဂယာမြေမြတ်မဟာ ဗောဓိစေတီတွင် ဃနာနို့ဆွမ်းဆက်ကပ်ခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းပူဇော်ခြင်းအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ထွက်ခွာမည့်ရက်- ဖေဖော်ဝါရီလတွင် (၁၂၊၂၀၊၂၆၊၂၇)ရက်၊ မတ်လတွင် (၅၊၈၊၁၂၊၁၉၊၂၂၊၂၆)ရက်၊ ဧပြီလတွင် (၂၅၊၉၊၁၂၊၁၉၊၂၃၊၃၀)ရက် ခရီးစဉ်အားလုံးအတွက် ဝန်ဆောင်မှုများသည် ရန်ကုန်မှစတင်ထွက်ခွာသည့်ရက်မှစ၍ ရန်ကုန်သို့ပြန်ရောက်ရှိသည့်ရက်အထိ စရိတ်ငြိမ်းဖြစ်ပါသည်။

အမှတ် ၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၃၈၄၀၆၆၊ ၃၈၄၃၆၆၊ ၀၉-၉၉၇၃၃၉၅၊ ၀၉-၈၆၁၂၀၀၃၊၀၉-၈၆၁၀၄၅၆။



ကတ္တရာလမ်းသစ်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၄ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အရှည် ပေ ၁၉၅၀ရှိ အောင်ရတနာရပ်ကွက်လမ်းလမ်း ၂၀ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းအောင်၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးဘိုအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မင်းတုန်း-ပုသိမ်/ မုံရွာဆက်သွယ်ရေး ကျေးလက်လမ်းပေါ်၌ ကွန်ကရစ်ပေါင်းကူးတံတား တည်ဆောက်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းနှင့် အမှုဆောင်အရာရှိ ဦးမျိုးဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက် သင်တန်းပို့ချမည်

စစ်ကိုင်း ဖေဖော်ဝါရီ ၈

ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်း အမှတ်စဉ်(၁၃)ကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၁ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ အထက်မြန်မာပြည် ငါးလုပ်ငန်းသင်တန်းကျောင်း စစ်ကိုင်းမြို့၌ ပို့ချမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

စာတွေ့၊ လက်တွေ့သင်ကြားခြင်းကို ပြုလုပ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် ဦးဇော်ဝင်း ကျောင်းအုပ်ကြီး အထက်မြန်မာပြည် ငါးလုပ်ငန်းသင်တန်းကျောင်း စစ်ကိုင်းမြို့ ဖုန်း-၀၇၂-၂၂၂၉၃သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် သင်တန်းသားများအတွက် နေထိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ထိမ်းမြားမင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မောင်ဇေယျာလင်း(ခ)သားကြီး
B.Sc(Physics)
ခိုင်ရတနာဆန်ရောင်းဝယ်ရေး

နှင့်

မဖြူဖြူစမ်း
B.Sc(Physics), LCCI Level(III)
Diploma in Business Adminstration(UK)
နှင်းဆီနီပါတိတ်ဆိုင်

တို့၏ ၆-၂-၂၀၁၀ရက်(စနေနေ့)တွင် Sedona Hotel (Pool Side)၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ဇနီး ဒေါ်ခင်မေလတ်အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ဇနီးဒေါ်ခင်မေစိုးအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသော ရပ်ဝေးရပ်နီးမှ လူကြီးမိဘဆွေမျိုးများအားလည်းကောင်း ၄-၂-၂၀၁၀ရက်(ကြာသပတေးနေ့)တွင် Traders Hotel(တောင်ငူ)ခန်းမ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒုတိယတရားသူကြီး ဒေါ်ဖြူဖြူဆွေအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးများအားလည်းကောင်း၊ ၆-၂-၂၀၁၀ရက် မင်္ဂလာညစာစားပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မတင်မိုးလွင်၊ မင်္ဂလာရှေ့လျှောက် ကိုအောင်ဖြိုး၊ မင်္ဂလာပန်းကြဲပေးပါသော သမီးငယ် ပိုးမြတ်ဟေသာ၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သားငယ်တင်ထူးနိုင်နှင့် သမီးငယ်ဆုသရဖီ၊ မင်္ဂလာလက်ထပ်လက်စွပ် ကိုင်ဆောင်ပေးပါသော သမီးငယ်ကျော့ကျော့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဒီဇိုင်နာမပို့ (My Favourite)နှင့် မိုးကုတ်ပေါက်ပေါက်၊ မိတ်ကပ်ဆံပင်ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် Video မှတ်တမ်းတင် ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာအလှဓာတ်ပုံစီစဉ်ပေးပါသော Memory မှ မယဉ်မျိုးမွန်၊ မေတ္တာဖြင့် ပန်းအလှဆင်မြန်းပေးပါသော Yangon Florist မှ မဝတ်ရည်ခိုင်မင်းရှိန်၊ မင်္ဂလာတေးဂီတဖြင့် ဖျော်ဖြေပေးပါသော The Tree Music Band၊မင်္ဂလာခြင်္သေ့အကဖြင့် ဖျော်ဖြေပေးပါသော(YSL)ငွေရောင်ခြင်္သေ့အဖွဲ့နှင့် မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာကိစ္စအဝဝကို ကိုယ်တိုင်စီစဉ်ကူညီပေးပါသော ဦးကိုကိုမင်းစံ၊ မင်္ဂလာအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့်အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေယျာလင်း-မဖြူဖြူစမ်း။

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို
ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အေးစေတီလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ချောက် ဖေဖော်ဝါရီ ၉

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ချောက်မြို့နယ် အမှတ်(၁၀) နယ်မြေ အေးစေတီရပ်ကွက် အေးစေတီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ရက်နံနက်ပိုင်းက အဆိုပါ ကတ္တရာလမ်းသစ်ဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက အမှတ်(၁၀) နယ်မြေ အေးစေတီရပ်ကွက် အေးစေတီလမ်း ကတ္တရာလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရပ်ကွက်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ**(အပေါ်ပုံ)**တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါအမှတ်(၁၀)နယ်မြေ အေးစေတီရပ်ကွက် အေးစေတီကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၂၅၀၊ အကျယ် ၁၂ပေရှိသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၅)ရပ်ကွက် ကျောင်းလမ်း တိုက် ၇၄၇(၀၀၁)မြေညီထပ်နေ နှစ်ဖက်မိဘများအားရည်စူး၍ ဦးကျော်မြင့်-ဒေါ်ကြည်ကြည်ဝင်း၊ မြေး-ဆုရတီထက်ဟန် မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
မာလ်တီမီဒီယာအတတ်ပညာ ဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း
Postgraduate Diploma in Multi-media Arts (Education)- PGDMA
အမှတ်စဉ်(၁၁) သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၁၀-၂၀၁၁ပညာသင်နှစ်အတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့ရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် အဆိုပါတက္ကသိုလ်များတွင်ဖွင့်လှစ်မည့် မာလ်တီမီဒီယာအတတ်ပညာ ဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း Postgraduate Diploma in Multi-media Arts (Education)-PGDMA အမှတ်စဉ်(၁၁)သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ သင်္ချာ၊ ရူပ၊ ဓာတုဘွဲ့ရရှိပြီးသူများ၊ အင်္ဂလိပ်စာဘွဲ့ရသူများ ဖြစ်ရမည်။ ဘွဲ့တစ်ခုခုရရှိပြီး အခြေခံပညာကျောင်းများတွင် မာလ်တီမီဒီယာစာသင်ခန်းကို တာဝန်ခံ၍ဆောင်ရွက်နေသူများလည်း လျှောက်ထားနိုင်သည်။

(ဂ) ၂၀၁၀ခုနှစ် ဖွန်လ၁၀ရက်တွင် အသက် (၂၅)နှစ်ထက်မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်အနည်းဆုံး နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၃၀)နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဃ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် (မန္တလေးဌာနခွဲ)တို့တွင် တက်ရောက်နိုင်ရမည်။

(င) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ သို့မဟုတ် ဘွဲ့ရကြောင်းထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

(စ) သင်တန်းကာလမှာ ၂၀၁၀ခုနှစ် ဖွန်လ ၁၀ရက်မှ ၂၀၁၁ခုနှစ် ဧပြီလဆန်းပိုင်းအထိ ဖြစ်ပါသည်။

၃။ သင်တန်းတက်ရောက်အောင်မြင်သူများကို အခြေခံပညာကျောင်းများတွင် အလယ်တန်းပြအဖြစ်ခန့်အပ်ပြီး လုပ်သက်ပြည့်မီချိန်တွင် ပညာရေးဘွဲ့(B.Ed) သင်တန်းသို့ သင်တန်းဝင်ခွင့် အစီအစဉ်အရ တက်ရောက်ခွင့်ပြုမည်။

၄။ လျှောက်ထားသူသည် ပြည်နယ်၊တိုင်းပညာရေးမှူးရုံးများ (တွဲဖက်ပြည်နယ်၊ တိုင်းခွဲအပါအဝင်)မှတစ်ဆင့် သက်ဆိုင်ရာ အခြေခံပညာဦးစီးဌာနသို့လည်းကောင်း၊ ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်များမှလျှောက်ထားသူများသည် ရန်ကင်းပညာရေးကောလိပ်နှင့် မန္တလေးပညာရေးကောလိပ်တို့သို့လည်းကောင်း လျှောက်လွှာနှင့် အထောက်အထားစာရွက်စာတမ်းများကို ပေးပို့လျှောက်ထားနိုင်သည်။

၅။ ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့်ရုံး၊ ဌာနဆိုင်ရာအကြီးအကဲ၏ **'ဝန်ထမ်းဖြစ်ကြောင်းထောက်ခံစာ'** ကိုပူးတွဲ၍ သက်ဆိုင်ရာပြည်နယ်၊တိုင်း ပညာရေးမှူးရုံးများသို့ အချိန်မီလျှောက်ထားရမည်။ ပညာရေးဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနများသို့ တိုက်ရိုက်လျှောက်ထားမှုမပြုရပါ။

၆။ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရေးဖြေစာမေးပွဲများကို ၂၀၁၀ခုနှစ် မတ်လ ၂၅ရက်တွင်လည်းကောင်း၊ လူတွေ့နှုတ်ဖြေကို ဧပြီလ ၂ ရက်တွင်လည်းကောင်း၊ သက်ဆိုင်ရာအခြေခံပညာဦးစီးဌာနများ၌ စစ်ဆေးမည်ဖြစ်ပါသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှလျှောက်ထားသူများသည် သက်ဆိုင်ရာပြည်နယ်၊ တိုင်း ပညာရေးမှူးရုံးသို့ ငါးရက်ကြိုတင်၍ သတင်းပေးပို့ရပါမည်။

၇။ လူတွေ့နှုတ်ဖြေစစ်ဆေးခံရမည့်သူများသည် ဘွဲ့လက်မှတ်မူရင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းတို့ကို တစ်ပါတည်းယူဆောင်လာရမည်။

၈။ လျှောက်ထားသူများသည် ပူးတွဲပါသင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းထားသော လျှောက်လွှာသုံးစုံတွင် ခြောက်လအတွင်းရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်ပါဓာတ်ပုံတစ်ပုံနှင့် မျက်မှန်မပါ ဓာတ်ပုံတစ်ပုံ)တို့ကိုကပ်၍ ပူးတွဲရမည့်အထောက်အထားများနှင့်အတူ ၂၀၁၀ခုနှစ် မတ်လ ၅ရက်ထက် နောက်မကျစေဘဲ လျှောက်လွှာတင်သွင်းရမည်။

ရက်စွဲ။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်

ဘိုဝင်း
ညွှန်ကြားရေးမှူးချုပ်

၂၀၁၀-၂၀၁၁ ပညာသင်နှစ်
မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း
Postgraduate Diploma in Multi-Media Arts (Education)-PGDMA
အမှတ်စဉ်(၁၁)သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ **လျှောက်ထားသူ၏အကြောင်းအရာ-**

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် ----------ခုနှစ်----------လ------------------------ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် စာစစ်ဌာန--------------------------------------
ခုနှစ် ---------- မြို့နယ်၊ -------------ပြည်နယ်/တိုင်း------------------------

၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ ------------------------------------
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့် ခုနှစ်------------------------------------

၅။ အိမ်ထောင်ရှိ/မရှိ (ရှိပါက) ဇနီး/ခင်ပွန်းအမည် ------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------------------------------

၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ------------------------------------
----

၇။ အလယ်တန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီလ ရက်

(လျှောက်ထားသူလက်မှတ်)

[illegible]

မြန်မာစာအဓိက ကျောင်းသားများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တက္ကသိုလ်(၁၉၆၉-၁၉၇၃) မြန်မာစာအဓိကကျောင်းသားကျောင်းသူများက အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၂ဦးတို့အား အဌမအကြိမ်မြောက်ပူဇော်ကန်တော့ပွဲနှင့်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ၂၂ရက်(ပြည်ထောင်စုနေ့) မွန်းလွဲ၁နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီသီရိခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အမည်ပြောင်းခြင်း

ဦးအောင်မြင့်၏သမီး အမက(၁၅)၊ ပြည်တော်သာ၊ စစ်တွေမြို့၊ တတိယတန်းမှ မန္တေးငယ်ငယ်အား ယနေ့မှစ၍ မထိုက်ထိုက်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မထိုက်ထိုက်ထွန်း။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်ကျော်ဝင်း၏ နိုင်ငံကူးလက်မှတ်အမှတ်-၈၄၅၄၉၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံး ဆက်သွယ်ပေးပို့ပါရန်။

ဖုန်း-၀၉-၉၉-၂၃၉၈၇။

အမည်ပြောင်း

အဖ ဦးမြင့်အောင်၏ သမီး အမက(၉) တာမွေ စတုတ္ထတန်း(ခ)မှ မစုစုလှိုင်အား မစုစုငွေးဟု ပြောင်းလဲခေါ်ပါရန်။

မစုစုငွေး။

အမည်ပြောင်း

အဖဦးထွန်းလင်းအောင်၏သမီး သုံးဆယ်မြို့မအလယ်တန်းကျောင်း သူငယ်တန်း(ခ)မှ မသုန္ဒရီ(ခ)မဆောင်းယုဝတီအား မဆုပြည့်သော်တာဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာ စီမံကိန်း (Rose Garden)လုံးချင်း တိုက်အမှတ် (၁)မှာ အမည်ပေါက် ဗိုလ်မှူးအောင်ကျော်စိုး(ငြိမ်း)ဖြစ်ပါသည်။ အဆိုပါ လုံးချင်းတိုက်နှင့်မြေကို ပိုင်ရှင်အမည်ပြောင်းပေးပါရန် ဦးရဲရင့်ထွန်း-ဒေါ်စိုးစိုးစံမှ စာချုပ်စာတမ်းများ တင်ပြလျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန။

အမွေပြတ်ကြော်ငြာ

ကျွန်တော် ကျွန်မတို့၏သား မောင်မျိုးမြင့်အောင် HBI ၀၆၅၈၁၆ သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

ဖခင်-ဦးစိုးတင့်
၁၂/မဘန(နိုင်)၁၀၀၅၉၇
မိခင်-ဒေါ်ရီ
၁၂/မဘန(နိုင်)၀၂၅၃၆၂။

ရန်ကုန်စက်မှုတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန် စက်မှုတက္ကသိုလ် (၁၉၆၉-၁၉၇၅)ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ၁၃ရက် ညနေ ၅ နာရီမှ ည ၈ နာရီအထိ M-3 Food Centre ၌ကျင်းပမည်ဖြစ်ရာ ကျောင်းဆင်းဖက်သူငယ်ချင်းများနှင့် ဆရာကြီး ဆရာမကြီးများအားလုံး မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

မြန်ကြားရေးဝန်ကြီးဌာနဒုတိယညွှန်ကြားချုပ် ထပ်ဆင့်ရှင်းလင်းပွဲ ဗန်းမော်ခရိုင်၌ကျင်းပ

ဗန်းမော် ဖေဖော်ဝါရီ ၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေသည် ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်မှူးဦးညွှန့်ရွှေ လိုက်ပါလျက် ဖေဖော်ဝါရီ ၆ရက် ညဂုနာရီတွင် ဗန်းမော်ခရိုင်သို့ရောက်ရှိပြီး ခရိုင်ရုံးစာကြည့်တိုက်ခန်းမ၌ ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ရုံးများမှ ဦးစီးမှူးများ၊ စာကြည့်တိုက်တာဝန်ခံများနှင့် တွေ့ဆုံသည်။

သုံးသပ်ဆွေးနွေး

တွေ့ဆုံပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေက ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ပြောကြားသော အမှာစကားကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ပြည်နယ်မှူး ဦးညွှန့်ရွှေက ခရိုင်နှင့် မြို့နယ်ရုံးများ၏ မီဒီယာလုပ်ငန်းများ သွက်လက်ထက်မြက်ပြီး အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ရေး၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီအောင် ဆောင်ရွက်ရေး၊ စာဖတ်ရှိန်မြင့်မားရေးတို့ကို ဆွေးနွေးမှာကြားပြီး တစ်မြို့နယ်ချင်းအလိုက် လုပ်ငန်းဆောင်ရွက်မှု အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွှန့် လိုက်ပါ၍ ဒုတိယညွှန်ကြားရေးမှူးနှင့် ပြည်နယ်မှူးတို့သည် ယင်းနေ့ နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတို့တွင် ဒေါ့ဖုန်းယန်မြို့နယ်ရုံး၊ မိုးမောက်မြို့နယ်ရုံးတို့ကို ကြည့်ရှုစစ်ဆေးသည့်အပြင် ဗန်းမော်မြို့နယ်စီအင်ကျေးရွာတွင် နိုင်ငံတော်နှင့် ပြည်သူတို့က မတည်လှူဒါန်းငွေဖြင့် ဆောက်လုပ်နေသော တက်နေလင်းစာကြည့်တိုက် ဆောက်လုပ်မှုကိုလည်းကောင်း၊ ရွှေပြည်သာကျေးရွာရှိ မျိုးဆက်သစ်စာကြည့်တိုက်တို့အား ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

နောင်ချိုမြို့နယ် သပြေလမ်း ကတ္တရာလမ်းသစ်ဖွင့်

နောင်ချို ဖေဖော်ဝါရီ ၉

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် သပြေလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ရက်တွင် အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆင့်မြှင့်ဆောင်ရွက်

အဆိုပါလမ်းမှာ လမ်းအရှည်ပေ ၁၂၀၀၊ လမ်းအကျယ် ၁၂ ပေရှိ ကတ္တရာလမ်း အမျိုးအစားဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၉၄၇၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ သပြေလမ်းမှာ ယခင်ကျောက်ချော လမ်းဖြစ်ပြီး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်သူများ သွားလာရေး ပိုမို လွယ်ကူအဆင်ပြေ ချောမွေ့စေနိုင်မည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ဗဟန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာအုပ်စာစောင်တိုးပွားရရှိရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးတို့အတွက် ရပ်ကွက်စာကြည့်တိုက်မှူး စာကြည့်တိုက်ကော်မတီဝင်များနှင့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ရက် နံနက် ၁၀နာရီက ရွှေနံ့သာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာကြည့်တိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ စာငှား စနစ်ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးတို့ကို ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်ရာအဆောက်အအုံပြပွဲ -၂၀၁၀ Sosuco Tile ကြွေပြားများ ပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ ကျင်းပသည့် အိမ်ရာအဆောက်အအုံပြပွဲ-၂၀၁၀တွင် Focus Enterprise Co.,Ltd. က တင်သွင်းဖြန့်ချိသည့် ထိုင်းနိုင်ငံ Sosuco Group Industries မှ ထုတ်လုပ်သည့် Sosuco Tile အမှတ်တံဆိပ် နံရံကပ်ကြွေပြားများ၊ ကြမ်းခင်းကြွေပြားများကို ဒီဇိုင်းမျိုးစုံ၊ ဆိုဒ်မျိုးစုံတို့ဖြင့် ခင်းကျင်းပြသခဲ့သည်။ **(အောက်ယာပုံ)**

အသုံးပြုနိုင်

ကြမ်းခင်းကြွေပြားများတွင် ၁၆ လက်မ × ၁၆လက်မဆိုဒ်၊ ၁၂လက်မ × ၁၂လက်မဆိုဒ်၊ ၈လက်မ × ၈လက်မ ဆိုဒ်တို့ကိုလည်းကောင်း၊ နံရံကပ်ကြွေပြားများတွင် ၈လက်မ × ၁၂လက်မဆိုဒ်၊ ၈လက်မ × ၁၀လက်မဆိုဒ်၊ ၈လက်မ × ၈လက်မဆိုဒ်တို့ကိုလည်းကောင်း ဒီဇိုင်းမျိုးစုံ၊ ဆိုဒ်မျိုးစုံတို့ဖြင့် ခင်းကျင်းပြသထားသည်။ နေအိမ်၊ ရုံးခန်းနှင့် အဆောက်အအုံများရှိ ရေချိုးခန်း၊ မီးဖိုခန်း၊ သန့်စင်ခန်းတို့တွင် Sosuco Tile အမှတ်တံဆိပ် ကြွေပြားများကို ခေတ်မီလှပခိုင်ခံ့စွာ ခင်းကျင်း အသုံးပြုနိုင်မည် ဖြစ်သည်။

ဆက်သွယ်မှာယူနိုင်

ကြွေပြားများကို ပင်မအရောင်းဆိုင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ပြည်လမ်း အမှတ် ၂၃၈ (ရတနာပုံရုပ်ရှင်ရုံဘေး)ဖုန်း-၅၂၄၆၀၉၊ ၅၂၄၉၁၇၊ စော်ဘွားကြီးကုန်း ကျောက်စိမ်းလမ်း အမှတ်(၂) အဆောင်(၂၉)ဖုန်း-၆၄၂၁၇၁၊ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်း (၁၆ကွေ့)အမှတ် ၁၈၆ဖုန်း-၅၇၁၄၆၅၊ အင်းစိန်မြို့နယ် (၁၀)မိုင်ကုန်း လေဆိပ်အနီး ပြည်လမ်း အမှတ် ၁၄၃-၁၄၄-၁၄၅ဖုန်း-၆၆၀၄၁၇တို့သို့ ဆက်သွယ်မှာယူနိုင်ပြီး ပိတ်ရက်မရှိ အိမ်တိုင်ရာရောက်စနစ်ဖြင့် အခမဲ့ ပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးကူးတံတား ပန္နက်တင်မင်္ဂလာကျင်းပ

ခင်ဦး ဖေဖော်ဝါရီ ၉

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် စောကြီးကျေးရွာအုပ်စု ပေါက်တောရွာတွင် ကိုယ့်အားကိုယ်ကိုး မူးကူးတံတားပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၁၀နာရီက ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ပန္နက်တင်

အဆိုပါ တံတားမှာ အလျားရ၈ပေ၊ အမြင့် ၁၂ပေ ကွန်ကရစ်တိုင်များဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး မင်္ဂလာအချိန်တွင် စောကြီးကျေးရွာဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် ရပ်မိရပ်ဖများက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်ပေးကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

ဖားကန့်မြို့ မြို့တွင်းလမ်းများ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ၂၀၀၉-၂၀၁၀ခုနှစ်အတွင်း အရှည်ပေ ၁၂၄၈၀× ၁၈ပေ× ၃လက်မ ခင်းကျင်းသွားရန်ရှိသည့်အနက် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် ဦးစီးအရာရှိ ဦးကွေ့ဘောမ်ယော်တို့၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာဝန်ထမ်းများက ဇန်နဝါရီ ၈ရက်က ဖားကန့်မြို့တွင်း အမှတ်(၁) လမ်းမကြီးတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။ (၀၀၂)

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော ဖေဖော်ဝါရီလထုတ် သုတပဒေသာစာစောင်အတွဲ (၃၇)၊ အမှတ်(၂)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်တွင် ပါရဂူ၊ ဒေါက်တာကျော်စိန်၊ ဒေါက်တာခင်မောင်ညွှန့်၊ မောင်ပေါ်ထွန်း၊ တင်မောင်မြင့်၊ မြတ်ငြိမ်း၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ မြသိန်း၊ မောင်မြင့်ကြွယ်၊ အောင်ချိန်ဘွား၊ ဆောင်းဝင်းလတ်၊ ဒေါက်တာမြင့်သန်း(သန္ဓေသား)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ကေကေ(မဟာဝိဇ္ဇာ)၊ ကံမြင့်(ရေဒါ)စသူတို့၏ ဘာသာပြန်ဆောင်းပါး၊ ဝတ္ထုနှင့်ကဗျာများ ပါဝင်သည်။

အဆိုပါ သုတပဒေသာစာစောင်တွင် လပေါ်မှာရေတွေ့ပြီ၊ ထူးခြားဆန်းကြယ် အံ့ဖွယ်ကျောက်စိမ်း၊ ထိန်းသိမ်းအပ်သောဆေးဘက်ဆိုင်ရာ ပညာရှင်တို့၏ ကိုယ်ကျင့်သိက္ခာ၊ စကားပြောဆိုင်ရာ အလှည့်ယူခြင်း၊ ဗုဒ္ဓနည်းကျ သောကကင်းဝေးနေနိုင်ရေး၊ ဘဏ္ဍာငွေဆိုင်ရာစုံထောက်များ၊ ပျောက်ဆုံးသွားသော နီပေါ၏ သမီးပျိုလေးများ၊ ကလေးများအတွက်လိုအပ်ချက်၊ ဖိစီးမှု၊ အမျိုးသားများအတွက် ကျန်းမာရေး၊ အနာဂတ် ဆေးပညာ၊ အိမ်မှာကုလည်းဖြစ်တာပဲ၊ တုပ်ကွေးကြောက်၍၊ မြင့်မြတ်သောရေစင်ဖြင့် ရေပေးစက်တီထွင်၊ အာရှအတွက်အမြင်သစ်၊ လုပ်ငန်းအောင်မြင်ရေးအခြေခံအင်္ဂါရပ်များ၊ ၂၀၀၉ခုနှစ် ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ် ၁၀ဦး၊ ကုလသမဂ္ဂအကြောင်း၊ ဖွံ့ဖြိုးဝေစည်အတွေးများ၊ ဟာသ၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်း စသည့် ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ်သုတ၊ ရသအကြောင်းအရာ မျိုးစုံပါရှိသည်။

ဆက်သွယ်ဝယ်ယူနိုင်

သုတပဒေသာ စာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၈၀၀နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၉

တွံတေးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

တွံတေးမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဆိပ်ကမ်းလုပ်သားပေါင်းစုံမွှောရုံ၌ ကျင်းပမည်ဖြစ်သည်။

ပထဝီဝင်မိသားစု အာစရိယပူဇော်ကန်တော့ပွဲ

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ပထဝီဝင်ဌာနမှ အငြိမ်းစား ဆရာ ဆရာမကြီးများအား ပထဝီဝင်မိသားစုများ၏ ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် တက္ကသိုလ်များမွှောရုံ၌ ကျင်းပမည်ဖြစ်သည်။

အထက(၂) မရမ်းကုန်း မြတ်ဆရာပူဇော်မည်

အထက(၂) မရမ်းကုန်း (ယခင်စိန့်ဂျူ့ အကယ်ဒမီ) ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ရက်(သောကြာနေ့) နံနက် ၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဖွံ့ဖြိုးရေး သိပ္ပံ/တက္ကသိုလ် မြတ်ဆရာပူဇော်မည်

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံ/ တက္ကသိုလ်၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဟိုတယ်ရန်ကုန်၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာ ဆရာမကြီးများ တက်ရောက်ကြရန်နှင့် ဖုန်း-၅၆၃၆၆၇၊ ၅၇၈၆၇၂၊ ၅၄၅၅၆၃ နှင့် ၅၃၅၈၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

သုံးဆယ်မြို့ အထက မြတ်ဆရာပူဇော်ပွဲ

သုံးဆယ်မြို့ အထက၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် သောကြာနေ့ (ပြည်ထောင်စုနေ့) မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်း ပီမိုးနင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဖုန်း-၁၂၈၀၀၅၊ ၃၈၇၅၂၂၊ ၀၅၅-၃၀၁၂၂ နှင့် ၃၀၅၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကျင်းပ

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသော (၃၆)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ယှဉ်ပြိုင်ကစားလျက်ရှိပြီး အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်အထိ ကျင်းပလျက်ရှိသည်။

မြန်အောင်အသင်း(ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ မြန်အောင် သီလရှင်စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

မျှော်စင်ကျွန်း အထူးဈေးရောင်းပွဲ ဖျော်ဖြေရေးပါဝင်

ရန်ကုန်မြို့ ကန်တော်ကြီး မျှော်စင်ကျွန်း၌ ဖေဖော်ဝါရီ ၁၀ရက်မှ ၁၄ရက်အထိ ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်ကို ကျင်းပမည်ဖြစ်ပြီး ဈေးရောင်းပွဲလာပရိသတ်များအတွက် ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်မည်ဖြစ်သည်။

တိုင်းရင်းသားရိုးရာဝတ်စုံနှင့် အစားအစာရောင်းချပွဲ

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် တိုင်းရင်းသားရိုးရာဝတ်စုံနှင့် ရိုးရာအစားအစာ ရောင်းချပွဲကို ရန်ကုန်မြို့ အင်းလျားလမ်း စိမ်းလန်းစိုပြည်ဥယျာဉ်၌ နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း ဖေဖော်ဝါရီ ၁၂ရက်မှ ၁၄ရက်အထိ ကျင်းပမည်ဖြစ်သည်။

စာပေဗိမာန်စာအုပ်အသင်းဝင်များထံ စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက အသင်းဝင်များထံသို့ မအေးချမ်း (မြန်မာစာ)၏ မြန်မာ့သဘင်မှုအနုပညာနှင့် အသုံးတွင်စကားများ စာအုပ်ကို ဖြန့်ချိပေးလျက်ရှိပြီး အသင်းဝင်ရောက်လိုပါက ဖုန်း-၂၄၉၀၃၁ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ညအိပ်ရာဝင်ချိန် မီးသတိပေးနိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ကျောက်တံခါး အထက မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ပဲခူးတိုင်း ကျောက်တံခါးမြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက် ၉နာရီက အဆိုပါကျောင်းပတ္တမြားခန်းမ၌ ကျင်းပသည်။

လှူဒါန်း

ရှေးဦးစွာ အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ နာယကကျောင်းသားဟောင်း ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)က အဖွင့်အမှာစကားပြောကြား၍ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက အသက်အပိုင်းအခြားအလိုက် ငွေကျပ်တစ်သိန်း၊ ရှစ်သောင်း၊ ခြောက်သောင်းစီအသီးသီး လှူဒါန်းပူဇော်ကန်တော့ကြသည်။ ထို့နောက် သီးခြားအလှူရှင်များကလည်းငွေနှင့် အသုံးဆောင်ပစ္စည်းများပေးအပ် လှူဒါန်းကြသည်။

ဩဝါဒစကား

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးမင်းအောင်၊ ဆရာကြီး ဦးချစ်လှိုင်၊ ဆရာကြီးဦးလှမောင်၊ ဆရာကြီးဦးဝင်းနိုင်၊ ဆရာကြီးဦးကြည်၊ ဆရာမကြီး ဒေါ်စန်းကြွေ၊ ဆရာမကြီး ဒေါ်သိန်းရီတို့က ဩဝါဒစကားပြောကြားကြပြီး ကျောင်းသားဟောင်း ဦးမြင့်လွင်(မြိတ်မြို့)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြန်မာ့အလင်း)

သတ္တမအကြိမ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ် အခမ်းအနား တိုင်းမှူး ပိုလ်ချုပ်မြင့်စိုး တက်ရောက်အမှာစကားပြောကြား

မုံရွာ ဖေဖော်ဝါရီ ၈

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၆ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် သတ္တမအကြိမ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။

အမှာစကားပြောကြား

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် သူနာပြုသင်တန်းသူများတက်ရောက်ကြပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားကာ(**အပေါ်ပုံ**)ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ မိန့်ခွန်းအားဝန်ကြီးကိုယ်စား ဒုတိယ တိုင်းကျန်းမာရေးဦးစီးဌာနမှူးက ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးက သတ္တမအကြိမ် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ပြီး တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များသည် ပြခန်းအတွင်း ခင်းကျင်းပြသထားသော အနာကြီးရောဂါကင်းဝေးရေး လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ဆေးဝါးများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဖြန့်ဖြူးပေးဝေနိုင်မှု

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မုံရွာမြို့ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်း ဘဲလင်း-အုန်းတော-ညောင်ပင်ကြီး ၂၃၀ကေဗွီဓာတ်အားလိုင်းစီမံကိန်း ချင်းတွင်းမြစ်ကျော် တာဝါတိုင်ဆင်ခြင်းလုပ်ငန်းသို့ရောက်ရှိပြီး ရှင်းလင်းဆောင်ခန်းမ၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများက ဘဲလင်း-အုန်းတော-ညောင်ပင်ကြီး ၂၃၀ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းရှိ အုန်းတော-ညောင်ပင်ကြီး ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုအခြေအနေ ရောဝတီမြစ်၊ ချင်းတွင်းမြစ်ကျော်တာဝါတိုင်များ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးဝေနိုင်မှု အခြေအနေများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ချင်းတွင်းမြစ်ကျော် တာဝါတိုင်တည်ဆောက်ခြင်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆောင်ရွက်နိုင်မည်

အဆိုပါ ချင်းတွင်းမြစ်ကျော် တာဝါတိုင်ဆင်ခြင်းနှင့် ကြိုးဆွဲခြင်းလုပ်ငန်းများကို ၂၀၁၀ခုနှစ် မတ်လ ပထမပတ်အတွင်း အပြီးသတ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးကိုသတိ မြဲထားရှိ
စောင့်ကြည့်နေပါ သင့်ဝန်တာ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးကျုံးရေပြင် သန့်ရှင်းသာယာလှပရေး ကြည့်ရှုစစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၉

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူးဦးမောင်ပု၊ တွဲဖက်အတွင်းရေးမှူး ဦးစန်းမောင်၊ ကော်မတီဝင်ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် ယနေ့နံနက် ၉နာရီက ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ရတနာပုံဘဏ်လီမိတက်၊ စက်မှုဇုန်(၁) ဘဏ်ခွဲအတွင်း ဝန်ဆောင်မှုလုပ်ငန်းများ၊ မန္တလေးကျုံးရေပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများနှင့် ကျုံးဘေးပလက်ဖောင်းများ ပြုပြင်ဆောင်ရွက်နေမှုနှင့် ဇဟိုကုန်လှောင်ရုံအတွင်းရှိ နိုင်လွန်ကတ္တရာကျိုစက်ရုံအတွင်း ဆောင်ရွက်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရတနာပုံ ဘဏ်လီမိတက် စက်မှုဇုန်(၁)ဘဏ်ခွဲသို့ ရောက်ရှိပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဘဏ်ဝန်ထမ်းအင်အားအခြေအနေ၊ ရတနာပုံဘဏ်လီမိတက် စက်မှုဇုန်(၁) ဘဏ်ခွဲကို စက်မှုပန်းခြံလမ်းနှင့် ၆၂လမ်းကြား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး (ပြည်ကြီးတံခွန်မြို့နယ်)အနီး ပြောင်းရွှေ့ဖွင့်လှစ်မည့် မြေနေရာအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရတနာပုံဘဏ်လီမိတက် လက်ထောက်အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူတို့ကို လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။

မှာကြား

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးကျုံးရေပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် မန္တလေးကျုံးပတ်လည်တစ်လျှောက် ပလက်ဖောင်းများ၊ သံဆန်ခါများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ မန္တလေးကျုံးပတ်လည်တစ်လျှောက်နှင့် လမ်းလယ်ကျွန်းများတွင် အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု အခြေအနေနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာန ဌာနမှူးများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ **(အပေါ်ပုံ)**

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုပန်းခြံလမ်းပေါ်ရှိ နိုင်လွန်ကတ္တရာကျိုစက်ရုံအတွင်း ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် ဇဟိုကုန်သိုလှောင်ရုံအတွင်းရှိ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ စနစ်တကျထိန်းသိမ်းသိုလှောင်ထားရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က စက်ရုံအတွင်း လုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်မရှိအောင် စနစ်တကျဆောင်ရွက်သွားရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား စာရင်းမှတ်တမ်းများဖြင့် စနစ်တကျထားရှိရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရေးတို့ကို အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူးနှင့် လမ်းတံတားဌာန ခေတ္တဌာနမှူးတို့အား မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (၁၁၃)

အရန်သားဖွား ဆရာမသင်တန်း နေပြည်တော် တပ်ကုန်း၌ ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၈

အရန်သားဖွားဆရာမသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက် ၁၀နာရီက နေပြည်တော်တပ်ကုန်း ပြည်သူ့ဆေးရုံ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်နှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မ (၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် နေပြည်တော်တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးအုန်းလှိုင် **(ယာပုံ)**က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်ဝါဝါညွန့်ရွှေက အရန်သားဖွားဆရာမသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ သင်တန်းသူ ၁၀ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်သည်။ (ဝ၉၁)

ကုန်စည်သစ်နှင့် ဝန်ဆောင်မှုလုပ်ငန်းသစ် မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

UP2 INDUSTRY Co., Ltd.၏ ကုန်စည်သစ်နှင့် ဝန်ဆောင်မှုလုပ်ငန်းသစ် မိတ်ဆက်ခြင်းအခမ်းအနားနှင့် သဘောတူညီမှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ် ကုန်းဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ UP2 INDUSTRY Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(ယာပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ ဓာတ်လှေကား ရောင်းချမှုဈေးကွက်တွင် အအောင်မြင်ဆုံးနှင့် အရောင်းရဆုံး လျှပ်စစ်စွမ်းအင်သုံးဓာတ်လှေကားများ၏ ထုတ်ကုန်ပစ္စည်းနှင့် သမိုင်းကြောင်းကို JS Young Tech Co., Ltd. မှ Executive Director, Mr. Cho Jae Geun က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ UP2 INDUSTRY Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်မြင့်နှင့် JS Young Tech Co., Ltd. မှ Executive Director,Mr. Cho Jae Geun တို့သည် UP2 INDUSTRY Co., Ltd.& FUJI ELEVATOR တို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် သဘောတူညီမှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ရေရှည်အသုံးပြုနိုင်

လျှပ်စစ်စွမ်းအင် ပမာဏသုံးစွဲမှု (Power Consumption) အနည်းငယ်မျှဖြင့်သာ လည်ပတ်နိုင်ခြင်း၊ လိုအပ်ပါက ဓာတ်လှေကားနှင့် ကိုက်ညီမည့် မီးစက်များပါ

တွက်ချက်တပ်ဆင် ဝန်ဆောင်မှုပေးခြင်း၊ ခြောက်ယောက်စီးမှ အယောက် ၂၀စီးအထိ Passenger Lift များထုတ်လုပ် တပ်ဆင်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ဝန်ဆောင်မှုများ ပြုလုပ်ပေးခြင်း၊ ဆောက်လုပ်ပြီးကိုယ်ပိုင် အဆောက်အအုံများတွင်လည်း Steel Structure ဖြင့် အိမ်အလှမပျက်မပြုပြင်ရဘဲ တပ်ဆင်ပေးခြင်း၊ မတပ်ဆင်မီနှင့် တပ်ဆင်ပြီး ဝန်ဆောင်မှု(Before and After Sales Service) အပြည့်အဝဖြင့် ဝယ်ယူအားပေးသူ အလိုကျ ပြုလုပ်ပေးခြင်း၊ ပစ္စည်းအစိတ်အပိုင်းနှင့် ဝန်ဆောင်မှုတစ်နှစ် အာမခံ(One year warranty and Free Service)ပေးနိုင်ခြင်း၊ ဝယ်ယူသူ စိတ်ကြိုက် (Use's choice) ရွေးချယ်နိုင်မည့် ဒီဇိုင်းပုံစံမျိုးစုံကို ဝန်ဆောင်မှုပေးခြင်းစသည့် ရေရှည်အသုံးပြုနိုင်ရန် မှန်ကန်သော ဈေးနှုန်းဖြင့် ပစ္စည်းမှန်ကို ဦးစားပေးထုတ်လုပ်ထားသောကြောင့် အန္တရာယ်ကင်းလုံခြုံစိတ်ချရပြီး သက်သာအောင်ပစ္စည်းကောင်းများဖြင့် ဆောင်ရွက်ထားရှိသည်။

စုံစမ်းနိုင်

လျှပ်စစ်စွမ်းအင်သုံး ဓာတ်လှေကားများကို စိတ်ပါဝင်စားသူများအနေဖြင့် UP 2 Industry Co., Ltd. အမှတ် ၁၆၈/စီ၊ ဓမ္မစေတီလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၉၅-၁၅၀၅၀၅၆၊ ၅၀၅၀၅၇၊ ၅၂၄၄၁၂၊ e-mail:up 2. industrial @gmail.com;တို့တွင် ဝင်ရောက်ကြည့်ရှုစုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တကေးချောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

ကျိုက်ထို ဇန်နဝါရီ ၃၀

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုက်ထိုမြို့နယ် မြောက်ပိုင်းရပ်ကွက် တကေးချောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီက အဆိုပါမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်က အဆိုပါလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်ကပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စိုးပိုင်က လက်ခံယူသည်။

ဆက်လက်၍ ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းသည် အရှည်၉၁၅ပေ၊ အကျယ်၁၂ပေ ကတ္တရာလမ်းဖြစ်ပြီး ကုန်ကျမှုတန်ဖိုးငွေ ကျပ်၉၇ သိန်းကျော်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုင်းယောင်းမြို့နယ် ဝမ်တပ်ကျေးရွာအုပ်စု ဝမ်ဘန်းရွာ၌ မြို့နယ်ဦးစီးဌာနမှူး ဦးစိုင်းဆိုင်တစ် ဦးဆောင်၍ ဒီဇင်ဘာ ၂၃ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ခြင်းကို ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့် ကွင်းဆင်းစစ်ဆေးစဉ်။

(ခရိုင် ပြန်/ဆက်)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား လားရှိုး၌ကျင်းပ

လားရှိုး ဇန်နဝါရီ ၂၈

၂၀၀၉ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ၁ရက် နံနက်၈နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့ တေးသီချင်းဖြင့်ဖျော်ဖြေပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါ သိမှတ်ဖွယ်ရာ ဉာဏ်စမ်းပြိုင်ပွဲ၊ တစ်ခန်းရပ် ပြဇာတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ပြောကြား

ထို့နောက် ပြည်နယ် ခုခံကျ၊ ကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာမြင့်ကျော်က ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဦးတည်အုပ်စုအတွင်း ရာနှုန်းပြည့် ကာကွယ်ပစ္စည်း အသုံးပြုရေး စီမံချက်ကို လားရှိုး၊ လောက်ကိုင်၊ သီပေါ၊ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ ကျောက်မဲ၊ နောင်ချို၊ တန့်ယန်းမြို့နယ်များတွင် ဆောင်ရွက်လျက်ရှိပြီး မိခင်နှင့်ကလေးသို့ အိတ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်ရေးစီမံချက်ကို လားရှိုး၊ လောက်ကိုင်၊ သီပေါ၊ မူဆယ်၊ နမ့်ခမ်း၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များတွင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ တန့်ယန်း၌ကျင်းပ

တန့်ယန်း ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ်၌ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက် ၁၀နာရီက အခြေခံပညာအထက်တန်းကျောင်းရှိ သံလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌဦးကျော်သူရနှင့် မြို့နယ်ဆရာဝန်ကြီးဒေါက်တာစိုးဝင်းတို့က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့နှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော အရှည်ပေ၂၀၀၀ရှိ မြို့တွင်းစံပြလမ်း ကတ္တရာခင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု သရက်မြို့ လမ်းသစ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

သရက် ဇန်နဝါရီ ၂၆

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သရက်ခရိုင် သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဖောက်လုပ်ခဲ့သော လမ်းသစ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်က အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအောင်ကျော်ဟိန်းက လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြို့နယ်အမှုဆောင်အရာရှိက လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို တာဝန်ရှိသူများအား ပေးအပ်ပြီး လမ်းသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီးတင်အောင်မြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းမှာ အရှည်ပေ ၁၇၀၀၊ အကျယ်၁၂ပေဖြစ်ပြီး၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၁သိန်းကျော် အကုန်အကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် မြို့ပြလမ်းဖြစ်သော အမှတ်(၆)ရပ်ကွက် ၉လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်းမြို့၌ အသိပညာပေး ဟောပြောပွဲကျင်းပ

မိုးညှင်း ဇန်နဝါရီ ၃၁

မိုးညှင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိုးညှင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ အင်းကုန်းကျေးရွာ၌ အမျိုးသမီးငယ်များအား လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက်၁၀နာရီက ကျင်းပသည်။

အခမ်းအနားတွင်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတေဇာမြတ်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်တရားသူကြီး ဒေါ်ခင်မာဆွေက လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ တို့ကို ပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှဆရာမဒေါ်ခင်ထွေးက ကိုယ်ဝန်ဆောင်မိခင်လောင်းများ ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များကို ရှင်းလင်းပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက သက်ကြီးရွယ်အို အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀နှုန်းဖြင့် အလှူငွေများပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ပခုက္ကူ-ပေါင်လောင်ကန် မြေသားလမ်း ဆောင်ရွက်ခြင်း လုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဇာဝင့် ဆောင်ရွက်ရာ အမှုဆောင် အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ပိုင် ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

မြင်းမူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကျင်းပ

မြင်းမူ ဇန်နဝါရီ ၃၀

မြင်းမူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဒီဇင်ဘာ ၃၁ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်(နေမျိုးသန့်)တို့က အမှာစကားပြောကြားကြပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်သစ်များအဖြစ် ဥက္ကဋ္ဌ ဦးတင်မြင့်(နေမျိုးသန့်)၊ ဘဏ္ဍာရေးမှူး ဒေါ်ခိုင်လွင်ဦး(ခိုင်လွင်ဦး ထီးဆောင်း)၊ အမှုဆောင် ဦးကိုကိုနိုင် (ကိုကိုနိုင် မြင်းမူမြို့နယ်သတင်းထောက်)၊ အမှုဆောင် ဦးကံရင်(မြင်းမူကံရင်)၊ အတွင်းရေးမှူး ဦးမြင့်နိုင်စိုး (ကိုနိုင်-ပြန်/ဆက်)တို့ပါဝင်သော အမှုဆောင်ငါးဦးကို ရွေးချယ်တင်မြှောက်သည်။ (၀၃၅)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ လူနာသစ်ရှစ်ဦး ထပ်မံတွေ့ရှိ

ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၃)ရပ်ကွက်ရှိ ကျောင်းသားများ စုစည်းနေထိုင်ရာ ဘော်ဒါဆောင်တစ်ခု၌ ကလေးရှစ်ဦးတွင် New Influenza A(H1N1) ရောဂါပိုးတွေ့ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

လက္ခဏာများတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော ကွင်းဆင်းအဖွဲ့သည် အဆိုပါလူနာများနှင့် ဆက်နွယ်မှုရှိသော အတူနေသူများနှင့် ထိတွေ့မှုရှိသူများ၊ နေထိုင်သော အိမ်များနှင့် ရပ်ကွက်အတွင်းရှိ ဆက်နွယ်သူများအား အသေးစိတ် စစ်ဆေးခြင်းနှင့် လူနာသစ်ရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လူနာကျောင်းသားများနှင့် အတူနေသူများ၏ စာသင်သောကျောင်းများဖြစ်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်းတို့မှ ကျောင်းသားအချို့ ဖျားခြင်းနှင့် တုပ်ကွေးလက္ခဏာများ တွေ့ရှိရသည်။

စာမျက်နှာ ၅ ကော်လံ ၅ ■

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု(**Friction**) မှ သဘာဝတည်ငြိမ်လျှပ်စစ် (**Static Electricity**)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

မြန်မာ့အလင်း

(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

❖ ပင်လုံသန္နိဋ္ဌာန်၊ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန် — လဝန်းအိမ် (စီးပွားရေးတက္ကသိုလ်) ၏ ဆောင်းပါး စာ - ၈၊ ၉

❖ ဖွံ့ဖြိုးဝေစည်လာသည့် ဧည့်ဝတီ ရခိုင်ပြည်နယ် — စဥ့်ကူစိုးဝင်း၏ သတင်းဆောင်းပါး စာ - ၁၊ ၆၊ ၇

❖ ပြည်ထောင်စုစိတ်ဓာတ် — ဖိုးရန်နိုင်(ကျောက်ကြီး)၏ ကဗျာ စာ - ၈

❖ မခွဲတူညီ သက်သေတည် — နရီ၏ ကဗျာ စာ - ၅

❖ တစ်လှေတည်းစီး တစ်ခရီးတည်းသွား — အောင်ကျော်ဖြိုး၏ ကာတွန်း စာ - ၉